
စိတ်ကူးချိုချိုအနုပညာ

# မြင်းမိုရ်ထက်မြင့်သောနှင့် နိုင်ငံစုံဝတ္ထုတိုများ

## မောင်ခေတ်ထွန်း



mgyoe.com



# မြင်းမိုရ်ထက်မြင့်သောနှင့်
# နိုင်ငံစုံဝတ္ထုတိုများ

**မောင်ခေတ်ထွန်း**

KHIT0029

2,000.00 KS

mgyoe.com

မြင်းမိုရ်ထက်မြင့်သောနှင့်နိုင်ငံစုံဝတ္ထုတိုများ၊ မောင်ခေတ်ထွန်း
စာမျက်နှာ ၁၄၇ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ ငွေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြင်းမိုရ်ထက်မြင့်သောနှင့် နိုင်ငံစုံဝတ္ထုတိုများ

## မောင်ခေတ်ထွန်း

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကိုရင်ကံထူး | ၁ |
| ၂။ | ရသေ့နှင့် ကင်းမြီးကောက် | ၁၆ |
| ၃။ | မြင်းမိုရ်ထက် မြင့်သော | ၂၀ |
| ၄။ | မာရီကလေး၏ ဘဝပန်းချီ | ၃၀ |
| ၅။ | ရှက် | ၃၈ |
| ၆။ | နှောင်း | ၄၅ |
| ၇။ | တံငါသည်လင်မယား | ၅၁ |
| ၈။ | ဆက်သွယ်ရေးအင်ဂျင်နီယာ | ၅၈ |
| ၉။ | တာဝန် | ၆၄ |
| ၁၀။ | လစ္ဆပက် | ၇၂ |
| ၁၁။ | သစ်ပင်အောက်မှာ သေမင်းရှိသည် | ၈၃ |
| ၁၂။ | လက်တစ်ကမ်း လှမ်းလို့မမီ | ၈၈ |
| ၁၃။ | လက်ဆောင် | ၉၅ |
| ၁၄။ | ပန်းဆိုင် | ၁၀၁ |
| ၁၅။ | မြစ်ထဲက ကားတစ်စီး | ၁၀၆ |
| ၁၆။ | ပန်းချီဆရာမ | ၁၁၄ |
| ၁၇။ | ဇော | ၁၂၄ |
| ၁၈။ | နေ့လယ်စာ | ၁၂၉ |
| ၁၉။ | လွတ်လမ်း | ၁၃၄ |
| ၂၀။ | သိနေတယ်လေ | ၁၄၂ |


*

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## ကိုရင်ကံထူး

''ဆရာတော် အရှင်မြတ်ဘုရား၊ တပည့်တော် ဆရာတော်ထံမှာ နည်းနာ ဩဝါဒခံယူဖို့ လာရောက်ရခြင်း ဖြစ်ပါတယ်။ ဆရာတော်ဘုရားဟာ သီလ သိက္ခာ သမာဓိနဲ့ပြည့်စုံပြီး ဝါတော်အလွန်ကြီးရင့်တဲ့ ဆရာတော်တစ်ပါး ဖြစ်ပါတယ်ဘုရား။ တပည့်တော်ကို အကြံကောင်းဉာဏ်ကောင်းတွေ ပေး နိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် လာခဲ့ရခြင်းဖြစ်ပါတယ်ဘုရား။

တပည့်တော်ဟာ လေးနှစ်လုံးလုံး တစ်တိုင်းပြည်လုံးမှာရှိသမျှ တန်ခိုးကြီးဘုရား၊ စေတီများနဲ့ ဘုန်းကြီးကျောင်းမှန်သမျှ လှည့်လည်ဖူးမြော် ရင်း လှူခဲ့တန်းခဲ့တာလည်း တပည့်တော် စုဆောင်းခဲ့သမျှ အတော်ကုန်ခဲ့ ပါပြီဘုရား။ တပည့်တော် ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေအတွက် တပည့် တော် ဆုတစ်ခုကိုပဲ တောင်းခံခဲ့ပါတယ် ဘုရား။ အဲဒီဆုကတော့ တပည့် တော်တို့ လင်မယားအတွက် သားယောကျ်ားကလေးတစ်ဦးလောက် ရလာ ဖို့ပါပဲ ဘုရား။ ဒါပေမဲ့ ခုထက်ထိ တပည့်တော်တို့မှာ ဆုတောင်းမပြည့် သေးပါဘူး ဘုရား။ တပည့်တော်တို့လည်း အကြံကုန်နေပါပြီ ဘုရား။ ဒါကြောင့် ဆရာတော်ခြေရင်းသို့ ရောက်လာရခြင်း ဖြစ်ပါတယ်ဘုရား''

'လွန်ဝမ်'သည် လယ်သမားတစ်ဦး ဖြစ်သည်။ ယခု သူ့အသက် အနည်းငယ် ရလာပြီဖြစ်သည်။ သိပ်ဆင်းရဲလှသည် မဟုတ်။ အိမ်ကောင်း တစ်လုံး၊ ပထမတန်းစား မြေဩဇာကောင်းသည့် လယ်မြေဧက အတော် များများ၊ ကျွဲကောင်ရေ အတော်များများကို ပိုင်ဆိုင်သည်။ ငွေစုဘဏ်တွင်

mgyoe.com

လည်း စုဆောင်းထားသည့် ငွေအနည်းအကျဉ်း ရှိသည်။ ယခု သူ့အသက် ငါးဆယ်ပြည့်ပြီ။ အိမ်ထောင်ကျခဲ့သည်မှာလည်း နှစ်သုံးဆယ်ရှိလာခဲ့ပြီ။ သူနှင့် သူ့ဇနီးတွင် စိတ်လိုဘမပြည့်စရာတစ်ခုပဲ ရှိသည်။ ယင်းမှာ သူတို့တွင် သားသမီးတစ်ဦးမျှ မရရှိသေးခြင်းပင် ဖြစ်သည်။

ကလေးငယ်တစ်ယောက် အထူးသဖြင့် ယောက်ျားကလေး တစ်ယောက် လိုချင်သည်။ သူတို့ လင်မယားအတွက် အစွဲအလမ်းကြီးတစ်ခုပင် ဖြစ်လာခဲ့ချေပြီ။ တစ်နိုင်ငံလုံးရှိ တန်ခိုးကြီးသည်ဆိုသမျှ ရဟန်း၊ ပုဂ္ဂိုလ် မှန်သမျှ လှည့်လည် ဆည်းကပ်ခဲ့ပြီးပြီ။ သားဆု အလီလီ တောင်းခဲ့ပြီးပြီ။ သို့သော် အကြောင်းကား ထူးမလာခဲ့ချေ။ နောက်ဆုံး သူ့ဇာတိရပ်ရွာရှိ ကျောင်းထိုင်ဆရာတော်ဖရားမဟာပရာဆပ် ဆရာတော်ထံသို့ အကြံတောင်းရန် ရောက်ရှိ၍ လာခဲ့လေသည်။

'မင်းဟာ မင်းရဲ့ လိုအင်ဆန္ဒတွေပြည့်ဝဖို့ တစ်နိုင်ငံလုံးလှည့်ပြီး ဆုတောင်းခဲ့တယ် မဟုတ်လား။ မင်းတော့ ရေလိုက်လွဲနေပြီ ထင်တယ်။ မင်းရဲ့ ဟောဒီ မင်းရွာက ဘုန်းကြီးကျောင်းဟာ မင်းတို့ ဘိုးဘွားမိဘ တွေအားလုံး အစဉ်တစိုက် ဥပုသ်သီလ ဆောက်တည်ခဲ့ရာ၊ အလှူ အတန်းဒါနပြုရာ ကျောင်းကြီးပဲကွယ့်။ ဒီမှာ ရှင်ပြုကြ၊ ရဟန်းခံကြ၊ ဘုရားကျောင်း၊ တန်ဆောင်း၊ သိမ်ဇရပ်တွေ ပြုပြင်ကြနဲ့ သူတော်ကောင်း တရားတွေကို စဉ်ဆက်မပြတ် ပြုခဲ့ကြတာယ်လေ။ ငါ မှတ်မိသေးတယ်။ မင်းအဖေဆိုရင် ငါ့ကျောင်းမှာ နှစ်ဝါတောင် သင်္ကန်းစည်းခဲ့သေးတယ်။ မင်းကိုယ်တိုင်လည်း ငါ့ကျောင်းမှာတင် ရှင်ပြုခဲ့တာပဲ။ မင်းဟာ ဒီရွာ၊ ဒီ ကျောင်း၊ ဒီဘုရားမှာ တခြားနေရာတွေထက်ပိုပြီး ကုသိုလ်ကောင်းမှုပြုခဲ့ တာများတယ်။ အဲဒီလိုနဲ့များ ဒီဘုရား၊ ဒီကျောင်းမှာ သားဆုမတောင်းဘဲ တခြားနေရာတွေ အပင်ပန်းခံပြီး လှည့်လည်တောင်းရတာလဲ။ မင်းရဲ့ ဒီ ကျောင်းက ရွှေဆင်းတုရုပ်ပွားတော်မြတ်ကြီးရဲ့ ခြေရင်းမှာ ဘာဖြစ်လို့ မင်းရဲ့ ဒုက္ခတွေ ငြိမ်းအောင် မလုပ်နိုင်ရသလဲ။ မင်းအိမ်နဲ့ ဒီကျောင်းဆို တစ်ခေါ်လောက်ပဲ ဝေးတာပဲ။ မနက်ဖြန် မင်းမိန်းမကိုခေါ်၊ လှူဖွယ်ပစ္စည်း နည်းနည်းလောက်ယူလာပြီး ကျောင်းမှာ လာ ဆုတောင်းလှည့်။ ငါ ဆရာ တော်လည်း မင်းတို့အတွက် ဝိုင်းပြီး ဆုတောင်းပေးရမှာပေါ့'ဟု မြွက်

mgyoe.com

mgyoe.com

ဆိုသည်။

'ဆရာတော် မိန့်ကြားချက်တွေဟာ အမှန်တွေချည်းပါပဲဘုရား။ အရင်တုန်းက တပည့်တော် ဘာလို့ ဒီစိတ်ကူးမျိုး မရခဲ့မိပါလိမ့်ဘုရား'

လွန်ဝမ်က လှိုက်လှိုက်လှဲလှဲ ပြန်လည်လျှောက်တင်လိုက်သည်။

နောက်တစ်နေ့ နံနက်တွင် လွန်ဝမ်နှင့် သူ့ဇနီး န္တိုက်ဆန်တို့သည် ဆရာတော်ဖရားမဟာပရာဆပ်ကျောင်းသို့ ရောက်ရှိလာခဲ့သည်။ သူတို့နှင့်အတူ ကျောင်းရှိ ပဉ္စင်းလေးပါးနှင့် ကိုရင်ငါးပါးတို့ကို ဆက်ကပ်ရန် ဆွမ်း၊ ကွမ်းများနှင့် ရှင်တော်မြတ် ရုပ်ပွားတော်ကြီးကို လှူဒါန်းပူဇော်ရန် ဖယောင်းတိုင် ဆီမီးနှင့် အမွှေးတိုင်များပါ တစ်ပါတည်း ပါလာခဲ့သည်။

သူတို့လင်မယားသည် မြတ်စွာဘုရား ဆင်းတုတော်ကြီး၏ ရှေ့မှောက်တွင် ရှိသေစွာ ဒူးထောက်ရှိခိုးကာ သူတို့အတွက် တစ်ခါမျှ မပြည့်ဝသေးသော သားဆုကို တောင်းကြသည်။

လွန်ဝမ်သည် ဘုရားရှေ့တွင် တစ်နာရီကျော်ကြာအောင် ဆုတောင်းနေခဲ့သည်။ စိတ်ကျေနပ်အားရမှ ထလိုက်ပြီး သူ့ဇနီးကို ပြောလိုက်သည်။

'မိန်းမ ငါ့စိတ်ထဲမှာ ကြည်လင်လို့နေတာပဲ။ ငြိမ်းချမ်းလို့ နေတယ်။ ငါတို့ဆုတောင်းတော့ ပြည့်လိမ့်မယ်လို့ ထင်တယ်'

ဘုရားရှင်၏မျက်နှာတော်မှာ ကြည်လင်ဝင်းပနေသည်။ တစ်လောကလုံးပေါ် မေတ္တာစာတ် လွှမ်းခြုံနေသော မျက်နှာတော်။ အာသဝေါတရားကုန်ခန်းကာ ငြိမ်းချမ်းနေသော မျက်နှာတော်။ အလွန်တရာ နူးညံ့သိမ့်မွေ့စွာ ပြုံးနေသော မျက်နှာတော်။ ရှေးခေတ် ထိုင်းကျောက်ဆစ်ပညာရှင်များကို ချီးကျူးမိသည်။ သူတို့သည် ဘုရားရှင်အား ကြည်ညိုဖွယ်ဖြစ်အောင် လက်ရာမြောက်စွာ ထုလုပ်နိုင်သူများ ဖြစ်ကြသည်။

လွန်ဝမ်သည် ဤမြတ်စွာဘုရားဆင်းတုတော်ကြီးကို ယခင်က အကြိမ်တစ်ရာမက ဖူးမြော်ခဲ့ပြီးဖြစ်သည်။ ခု တစ်ကြိမ်ကျမှ ဤကိုယ်တော်မြတ်ကြီးက သူ့ကို ပြုံးပြနေသည်ဟု ခံစားမိသည်။

မကြာမီ လွန်ဝမ်နှင့် န္တိုင်ဆန်တို့ဆန္ဒကား ပြည့်ဝသွားခဲ့သည်။ သူတို့တောင်းခဲ့သည့်ဆုသည် အမှန်ပင် ပြည့်ဝခဲ့လေပြီ။ တစ်နှစ်မပြည့်မီမှာပင် န္တိုင်ဆန်သည် လွန်ဝမ်အတွက် သားယောကျ်ားကလေးတစ်ဦးကို ဖွားမြင်

mgyoe.com

mgyoe.com


ပေးခဲ့လေသည်။

ကလေးကား အလွန်ပင်ချစ်စရာကောင်းသည်။ အသားအရေမှာ ကြေးနီကို ပွတ်တိုက်ထားသည့်နှယ် ဝင်းမွတ်နေသည်။ ချောမောပြေပြစ်သော ရုပ်အဆင်း။ ရွာရှိလူများက သူတို့တစ်သက်တာတွင် ဤသို့သော ကလေးမျိုး တစ်ခါမျှ မတွေ့မမြင်ဖူး ဟူ၍ ဆိုကြသည်။

သို့သော် ဤသို့ချောမောသော ကလေးငယ်တွင် ချို့ယွင်းချက်တစ်ခု ပါလာခဲ့သည်။ ခြေထောက်တစ်ဖက် လိမ်ဖည်လိမ်ဖည် ဖြစ်နေခြင်းပင်။ လမ်းလျှောက်ရာတွင် ခြေထောက်က လိမ်ဖည်နေရာ အကြည့်ရ အနည်းငယ် ဆိုးသည်။

မည်သို့ဆိုစေ လွန်ဝမ်နှင့် သူ့ဇနီးကတော့ ဤအတွက် ဝမ်းမနည်းချေ။ ခြေထောက်ကလေးတစ်ဖက် ဆာနေရုံမျှဖြင့် သူတို့သား၏ ချောမော လှပမှုကို ဖုံးမသွားနိုင်ဟု ယူဆထားသည်။ သူတို့သားအား တုန်နေအောင် ချစ်ကြသည်။

မိဘနှစ်ပါးက သူတို့သားကို 'ဘွန်ဆရီ' (Boon-Sri)ဟု အမည် ပေးခဲ့ကြသည်။ ကံထူးသူဟု အဓိပ္ပာယ်ရသည်။

ဘွန်ဆရီ တစ်လပြည့်သောအခါ သားအမိ သားအဖသုံးဦး ရွာဦး ကျောင်းသို့ လာခဲ့ကြသည်။ လွန်ဝမ်နှင့် န္ဒိုင်ဆန်သည် သူတို့သားကလေးကို ဘုရားဆင်းတုတော် ရှေ့မှောက်တွင်ချကာ တိုင်တည်လိုက်သည်။

'အရှင်မြတ်ဘုရား ဤကျောင်း၊ ဤဘုရားမှာ တပည့်တော်တို့ ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှု အကျိုးပေးကြောင့် အခု တပည့်တော်တို့မှာ တပည့် တော်တို့ အလိုချင်ဆုံး သားယောက်ျားလေးတစ်ဦး ရရှိခဲ့ပါပြီဘုရား။ ဒါကြောင့် တပည့်တော်တို့သားငယ်ကို 'ဘွန်ဆရီ'လို့ မှည့်ခေါ်ထားပါတယ် ဘုရား။ ဘွန်ဆရီလေး အရွယ်ရောက်လာရင် ရှင်တော်မြတ်ဘုရား သီတင်း သုံးနေတဲ့ ဤကျောင်းတိုက်မှတစ်ပါး တခြား ဘယ်မှာမှ ရှင်သာမဏေ မဝတ်စေရပါဘုရား'

ရာသီတွေ တစ်ခုပြီးတစ်ခုပြောင်းကာ နှစ်ကာလတို့ ကျော်ဖြတ်သွား ကြသည်။ ဘွန်ဆရီကလေးကား အရွယ်ရောက်လာခဲ့သည်။ သန်မာကြံ့ခိုင် သော လူငယ်ကလေး ဖြစ်လာခဲ့သည်။ လမ်းလျှောက်ရာတွင် ခြေတစ်ဖက်

mgyoe.com

mgyoe.com


ဆာနေ၍ ဆတ်တောက်ဆတ်တောက်ဖြစ်နေရုံသာ ရှိသော်လည်း မူလတန်းကျောင်းတွင် တခြားကလေးများနှင့်တန်းတူ ဘက်တမင်တန် ရိုက်နိုင်သည်။ ဘတ်စကတ်ဘော ပုတ်နိုင်သည်။ ထို့ပြင် သူကလေးသည် အတန်းထဲတွင် စာတော်သည်။ တစ်တန်းလုံးတွင် အမြဲတမ်း ပထမချည်းရသည်။ ဉာဏ် အလွန်ကောင်းလှသည်။

သူ ဆယ်နှစ်သား ရောက်သည်အထိ သူ့ခြေထောက်အတွက် ဘာမျှ စိတ်အနှောင့်အယှက် မဖြစ်ခဲ့ပေ။ မွေးရာပါ ခြေတစ်ဖက်ဆာနေခြင်း ဖြစ်သည်ဟုသာ စိတ်ကို ဖြေနိုင်ခဲ့သည်။

သို့သော် နောက်ပိုင်းတွင် ပယောဂတစ်ခုသည် လူကလေး၏ စိတ်အာရုံထဲသို့ ဝင်ရောက် နှောင့်ယှက်ခဲ့လေသည်။ သူ့ဘဝတစ်ခုလုံး ဆောက်တည်ရာမရလောက်အောင်ပင် ဖြစ်ခဲ့ရသည်။

ယခုနှ ^ ကိုးရစစ် စာမေးပွဲများတွင် အမှတ်အများဆုံးနှင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများကို ဒေသန္တရသတင်းစာများက ဓာတ်ပုံနှင့်တကွ ဖော်ပြပေးခဲ့ကြသည်။ ဘွန်ဆရီကလေးသည်လည်း တတိယတန်းတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံး ရရှိခဲ့သူဖြစ်သဖြင့် သတင်းစာတွင် သူ့သတင်းကို ဓာတ်ပုံနှင့်တကွ ဖော်ပြခံခဲ့ရသည်။

သူ၏ အတန်းဖော်သူငယ်ချင်းဖြစ်သူ 'အိုက်ပင်း'မှာ ဘွန်ဆရီ၏ အောက် ဒုတိယလိုက်သည်။ ထို့ကြောင့် 'အိုက်ပင်း'မှာ သတင်းစာတွင် ဖော်ပြခြင်း မခံရ။ ထိုအခါ အိုက်ပင်းမှာ ဘွန်ဆရီအပေါ်တွင် မနာလို မရှုဆိတ်ဖြစ်လာသည်။

ဘွန်ဆရီအပေါ် အပြစ်ရှာကာ ဘွန်ဆရီ၏ အားနည်းချက်ကို ဖော်ထုတ် နှိမ်ချလေတော့သည်။

'မင်းက စာမေးပွဲမှာ တော်ချင် တော်လိမ့်မယ်။ ဒါပေမဲ့ လူ့လောကထဲမှာတော့ မင်းဟာ တော်တော်ချာတဲ့ကောင်ပဲ။ မင်းရဲ့ ကျက်သရေယုတ်လှတဲ့ ခြေထောက် ပြားပြားကြီးနဲ့ ဘယ်လာအသုံးဝင်မှာလဲ ပြောစမ်းပါ။ ဒီကြားထဲ မင်းအဖေက မလုပ်သင့် မလုပ်ထိုက်တဲ့ အကုသိုလ်အလုပ်ကြီးတစ်ခုကို လုပ်ဖို့ကြံနေသေးတယ်။ နောက်နှစ်မှာ မင်းကို ရှင်ပြုပေး မလို့ဆိုပြီး တစ်ရွာလုံး လိုက်ကြွားနေတယ်ကွ။ မင်းကို သင်္ကန်းစည်းပေး

mgyoe.com

mgyoe.com


လိုက်တာနဲ့ သူ့မှာ တကယ်ကံထူးရှင်ကြီးပဲ ဖြစ်သွားတော့မလိုလို ထင်နေတယ်။ ဒီမှာကွ ငါ့အဖေကပြောတော့ ကိုရင်ဝတ်မယ့်လူဟာ ကိုယ်လက်အင်္ဂါ ပြည့်စုံရတယ်လို့ ဆိုတယ်ကွ။ ကိုယ်လက်အင်္ဂါပြည့်စုံမှ သင်္ကန်းဝတ်ရတယ်တဲ့။ မျက်စိတစ်ဖက် ပျက်နေတာတို့၊ အပေါ်နှုတ်ခမ်းကွဲနေတာတို့၊ မင်းလို ခြေတစ်ဖက် ပြားနေတာတို့ မဖြစ်ရဘူးတဲ့ကွ။ အဲဒီလို ဒုက္ခိတ ကိုယ်အင်္ဂါမပြည့်စုံတဲ့ သူတွေကို သင်္ကန်းဝတ်ပေးမိရင် ကျောင်းထိုင်ဘုန်းကြီးနဲ့ တစ်ကျောင်းလုံးကို ထိခိုက်တတ်တယ်လို့ ငါ့အဖေက ပြောတယ်'

ဘွန်ဆရီမှာ အိုက်ပင်း၏ စကားကိုကြားသော် အသက်ရှူရပ်သွားသည်။ အတော်ပင် ကြေကွဲဝမ်းနည်းသွားသည်။ ဘာတစ်ခွန်းမျှ မပြောနိုင်တော့ဘဲ လှည့်ထွက်လာခဲ့သည်။

ထိုအချိန်မှစ၍ ဘွန်ဆရီမှာ လုံးဝမပျော်တော့ပေ။ အိုက်ပင်းစကားက သူ့ကို နေ့ရောညပါ နှိပ်စက်လျက်ရှိသည်။ ခြိမ်းခြောက်လျက်ရှိသည်။ လွှမ်းမိုးလျက်ရှိသည်။ သူ၏ ပုံပျက်ပန်းပျက် ချို့ယွင်းနေသော ခန္ဓာကိုယ်ကို အဝါရောင် ဖန်ရည်စွန်းသော သင်္ကန်းဝတ်ရုံမိသည်နှင့် တစ်ကျောင်းလုံးကို ရော ဖခင်ရင်းတမျှ သူ အလွန်ချစ်ခင်ကြည်ညိုသော ဘုန်းဘုရားကိုပါ ထိခိုက်နစ်နာစေမည်ဆိုသည်ကို သူ လုံးဝ အဖြစ်မခံနိုင်ပါ။ ဖြစ်လည်း မဖြစ်သင့်ဟု ထင်သည်။

သို့သော် ဘွန်ဆရီသည် ထိုအကြောင်းကို သူ့မိဘနှစ်ပါးအားလည်း ပြန်မပြောရက်လေ။ သူ့မိဘများသည် သူ့ကို သင်္ကန်းဝတ်ပေးရန် အလွန်စိတ်ထက်သန်နေကြသည် မဟုတ်ပါလော။

ထိုသို့ဖြင့် ဘွန်ဆရီသည် ဆယ့်တစ်နှစ်သားပြည့်ခါနီးကာ ရှင်ပြုဖို့ အချိန်အတော်ပင် နီးကပ်လာခဲ့ပြီဖြစ်သည်။ ဘွန်ဆရီ၏ စိုးရိမ်စိတ်လည်း မြင့်တက်လာခဲ့သည်။

နောက်ဆုံး ဘွန်ဆရီကလေးသည် ကျောင်းတိုင်ဆရာတော်ထံသို့ ရောက်ရှိလာခဲ့သည်။ ဘွန်ဆရီသည် ဆရာတော်အား သူ့သဘောထားကို တင်လျှောက်သည်။

ဆရာတော်သည် ဘွန်ဆရီ၏စကားကို နားထောင်ပြီးနောက် သေသေချာချာ ရှင်းပြတော်မူသည်။

mgyoe.com

mgyoe.com

'သားတော် ဘွန်ဆရီ- အိုက်ပင်းက သားတော်ကိုပြောတဲ့ စကားဟာ လုံးဝမမှန်ကန်ပါဘူး။ အဓိပ္ပာယ်လည်း မရှိပါဘူး။ မျက်စိမမြင်တဲ့သူတစ်ယောက် သင်္ကန်းမစည်းနိုင်တာ မှန်တာပါ။ ဒါကလည်း ကျောင်းကိုခိုက်လို့၊ ထိခိုက်နစ်နာစေဖို့ မဟုတ်ပါဘူး။ မျက်စိမမြင်လို့ ရဟန်းကျင့်ဝတ်သိက္ခာပုဒ်တွေ စောင့်ထိန်းလိုက်နာဖို့ မဖြစ်နိုင်လို့ပဲ။ သားတော်ရဲ့လိမ်ဖည်ရှာတဲ့ ခြေထောက်နဲ့ သင်္ကန်းဝတ်မှာနဲ့ ဘာမျှမဆိုင်ဘူး။ သားတော်က စိတ်နှလုံးဖြူစင်ရင် သားတော်အပေါ် တင်ပေးလိုက်တဲ့ ရှင်သာမဏေ ကျင့်ဝတ်တွေကို ကောင်းကောင်းလိုက်နာနိုင်ရင် သင်္ကန်းဝတ်နိုင်တာပဲ။ ကိုယ်ကောင်းဖို့ မကြည့်ဘဲ သူတစ်ပါးအကျိုးကိုသာ ထာဝစဉ် စဉ်းစားလုပ်မယ်ဆိုရင် ဘာဂြိုဟ်ဆိုးမျှ ကျောင်းအပေါ်မှာရော၊ ဆရာတော့် အပေါ်မှာပါ မကျရောက်နိုင်တဲ့အပြင် ကျက်သရေမင်္ဂလာနဲ့ ကောင်းကျိုးအဖြာဖြာသာ ဘုန်းကြီးတို့ ရရှိကြရမှာပါ။

သူတစ်ပါးအပေါ် နှိပ်စက်ရက်စက်တာတို့၊ မရိုးမသား ခိုးဝှက်ပြုမူတာတို့၊ မဟုတ်မမှန်မုသားဆိုတာတို့၊ ကာမဂုဏ်ကျူးလွန် ပြစ်မှားတာတို့၊ စိတ်ပျံ့လွင့်ပြီး စိတ်အလိုအတိုင်း လိုက်လံပြုကျင့်တာတို့က ဘုန်းကြီးနဲ့ဘုန်းကြီးကျောင်းကို ထိခိုက်စေနိုင်တာပါ။ ကျောင်းကို ကျက်သရေယုတ်စေနိုင်တာပါ။ ဒီလိုအဖြစ်မျိုးတွေ မဖြစ်အောင်သာ ရှောင်ကြဉ်ရမယ်။ တခြားသားတော်မှာ ဘာမှ စိုးရိမ်စရာမရှိဘူးကွဲ့'

ဆရာတော်၏ ဆုံးမစကားကို ကြားလိုက်ရသောအခါ ဘွန်ဆရီမှာ စိတ်အနည်းငယ် သက်သာရာရသွားသည်။ သို့သော် ဆရာတော်၏ စကားက အိုက်ပင်း၏ ခြောက်လုံး လှန့်လုံးကို လုံးဝပြေပျောက်စေသေးသည် မဟုတ်။ အိုက်ပင်း၏စကားက သူ့ကို လွှမ်းမိုးနေဆဲပင်။ ဒါကြောင့် ဘွန်ဆရီသည် နေ့စဉ်နံနက် အိပ်ရာဝင် အိပ်ရာထ ဘုရားရှိခိုးတိုင်း 'အခြားကလေးများလို သူ့ခြေထောက် အကောင်းပကတိအတိုင်း ဖြစ်ရပါလို၏ ဘုရား' ဟု ဘုရားရှင်ထံတွင် ဆုတောင်းနေမိလေသည်။

မကြာမီ ဘွန်ဆရီ အစိုးရိမ်အပူပန်ဆုံးနေ့သည် ဆိုက်ရောက်၍လာလေသည်။ ထိုနေ့သည်ကား သူ့ကို ရှင်ပြုပေးမည့်နေ့တည်း။ သံသရာမှ လွတ်မြောက်ကြောင်း သာသနာ့ဘောင်သို့ ဝင်ရမည့်နေ့ပေတည်း။

mgyoe.com

mgyoe.com


အိုက်ပင်းကိုလည်း သူနှင့်အတူ ရှင်ပြုပေးကြသည်။

မနက်စာကို အိမ်တွင် အဝစားစေပြီးနောက် သူတို့နှစ်ဦးကို ရွာသူကြီးအိမ်သို့ ခေါ်ဆောင်သွားကြသည်။ ထိုအိမ်တွင် သူတို့ကို ရှင်လောင်းဝတ်တန်ဆာများ ဆင်ယင်ပေးကြသည်။ ခေါင်းပေါ်တွင် ရွှေချထားသော မကိုဋ်များ၊ ရွှေချည်ထိုးပုဆိုး၊ အင်္ကျီများ ကျောက်မျက်များ စီခြယ်ထားသော ခြေနင်း စသည့် နန်းဝတ်နန်းစားများ သူတို့မျက်နှာကို မိတ်ကပ်၊ ပေါင်ဒါ ထူထူလိမ်းပေးကြကာ ပါးနှစ်ဖက်ကိုလည်း အလှခြယ်မှုန်းပေးလိုက်သေးသည်။ နှုတ်ခမ်းများမှာလည်း ဆေးနီများနှင့်။ သူတို့နှစ်ဦးကို နတ်ပြည်က နတ်သားလေးတွေနှင့် တူသွားပြီဟု ပြောဆိုချင်ကြသည်။ ထို့နောက် သူတို့ကို ကြိုးတန်ဆာဆင်ထားသော မြင်းပုကလေးတွေပေါ် တင်၍ဘုန်းတော်ကြီးကျောင်းသို့ ခေါ်သွားသည်။ သူတို့နောက်က တစ်ရွာလုံးရှိ လူကြီး၊ လူကောင်း၊ ယောက်ျား၊ မိန်းမ ပျိုပျိုအိုအို စသဖြင့် များစွာသောလူတန်းကြီးသည် တူရိယာမျိုးစုံကို တီးမှုတ်ကခုန်လျက် တပျော်တပါး လိုက်ပါလာကြသည်။

ထိုနေ့က အိုက်ပင်းက အပျော်ဆုံးဖြစ်နေလေသည်။ ထိုင်းလူငယ်တစ်ယောက်အဖို့ ဤသို့သော ရှင်ပြုပွဲ၌ နန်းဝတ်နန်းစားများကို ဆင်ယင်ကာ မကိုဋ်ကိုဆောင်းလျက် လူတန်းကြီးရှေ့ဆုံးက မြင်းစီး၍ သွားရသည်ကို မည်သူ မပျော်ရွှင်ဘဲနေမည်နည်း။ မည်သူ ဂုဏ်မယူဘဲနေမည်နည်း။

သို့သော် ဘွန်ဆရီကလေးအဖို့ကား ဂုဏ်ယူဖို့နေနေသာ လုံးဝ မပျော်ရွှင်နိုင်ပေ။ ဘွန်ဆရီမှာ အိုက်ပင်းခြောက်လှန့်ထားသည့် 'မင်းဟာ ဘုန်းကြီးကျောင်းကိုရော၊ ကျောင်းထိုင်ဆရာတော်ကိုပါ ဒုက္ခပေးမယ့်အကောင်ပဲ' ဟူသော စကားကို အစဉ်အမြဲ ကြားယောင်ကာနေလေသည်။ မေ့ပစ်၍ မရနိုင်ဘဲ ဖြစ်နေသည်။ သူသည် မြကျောက်စီ ရွှေခြေနင်း စွပ်ထားသည့် သူ့ဘယ်ဘက်ခြေထောက်ကိုသာ အခါခါ ငုံ့ကြည့်၏။

'ဒီဝတ်စား တန်ဆာပလာတွေ အားလုံးဟာ ငါ့အတွက် အတုအယောင်တွေချည်းပဲ။ ငါဟာ တကယ့်ကို ကံဆိုးတဲ့သူ၊ ငြိုဟ်ကောင်၊ ခြေတစ်ဖက်လိမ်ဖည်ဖည် ပြားကပ်ကပ်နဲ့ ပုံပျက်ပန်းပျက် သတ္တဝါအစစ်ပဲ။ အမှန်တော့ ငါဟာ ရှင်သာမဏေတွေ ဝတ်ရုံတဲ့ ဖန်ရည်စွန်းတဲ့ သင်္ကန်း

mgyoe.com

mgyoe.com


ကို လုံးဝရုံထိုက်တဲ့သူ မဟုတ်ဘူး'ဟူ၍ တွေးမိကာ ဆွေးနေလေသည်။

မကြာမီ ရှင်လောင်းလှည့်လာသော လှူတန်းကြီးသည် ဘုန်းကြီးကျောင်းသို့ရောက်ရှိလာလေသည်။ သူတို့နှစ်ဦးကို မြင်းများပေါ်မှချကာ ဦးပဇ္ဇင်းများရှိရာ ကျောင်းဆောင်သို့ ပို့ကြသည်။ သူတို့ကိုယ်ပေါ်က တောက်တောက်ပြောင်ပြောင် ထိုးထိုးထောင်ထောင် ဝတ်စားတန်ဆာများ ချွတ်ပေးကြသည်။ ခေါင်းပေါ်က မကိုဋ်ပါ မကျန်တော့။ ထို့နောက် သူတို့ကို ကြေးဝါသင်တုန်းဓားဖြင့် ခေါင်းတုံးတုံးပေးကြသည်။ မျက်ခုံးမွေးများကိုပါမကျန် ရိတ်ပေးကြသည်။ ပြီး ရေတွင်းဆီသို့ခေါ်သွားကာ ရေချိုးပေးကြသည်။ ထို့နောက် ဖိုးသူတော်အဖြစ် အဝတ်ဖြူဆင်ကြည့်ပေး၍ မြတ်ဗုဒ္ဓဆင်းတုတော်ကြီးရှိရာ ဂန္ဓကုဋီတိုက်ဆီသို့ ခေါ်ဆောင်သွားကြလေသည်။

ရှင်ပြုပွဲလာ ပရိသတ်အားလုံးသည်လည်း ဝတ်ဖြူစင်ကြယ်ဝတ်ကလေးနှစ်ဦးကို ရှေ့တွင်တင်ကာ ကြမ်းပေါ်တွင်အားလုံး ဒူးထောက်နေကြသည်။ ဆရာတော်ကား သံဃာစင်ပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ ခပ်တိုတိုတရားတစ်ပုဒ်ကို ဟောကြားနေလေသည်။ ထို့နောက် ဆရာတော်သည် ရှင်သာမဏေတို့အား ရှင်ကျင့်ဝတ်များကို ရှင်းပြတော်မူပြန်သည်။

ထို့နောက်တွင်တော့ ဆရာတော်က ပရိသတ်နှင့်တကွ သူတို့နှစ်ဦးကို ငါးပါးသီလ တိုင်ပေးသည်။

'ဘုရားတပည့်တော်သည် ဘယ်သက်ရှိသတ္တဝါကိုမှ မသတ်ဖြတ်ပါ'

'ဘုရားတပည့်တော်သည် ဘယ်သူ့ပစ္စည်းကိုမှ မခိုးပါ'

'ဘုရားတပည့်တော်သည် မုသား မပြောပါ'

'ဘုရားတပည့်တော်၏ ခန္ဓာကိုယ်ကို ကာမဂုဏ် အညစ်အကြေး မစွန်းပေရန် ရှောင်ကြဉ်ပါမည်'

'ဘုရားတပည့်တော်သည် မည်သည့်မူးယစ်စေတတ်သော သေရည်ကိုမှ မသုံးဆောင်ပါ'

ပြီးသော် ဆရာတော်သည် သက်န်းစည်းမည့် သူတို့နှစ်ဦးကို နောက်ထပ် ကျင့်ဝတ်သီလ ငါးမျိုးရွတ်ခိုင်းပြန်သည်။

'ဘုရားတပည့်တော်သည် နေ့လွဲသောအခါ၌ ညစာ မစားပါ'

mgyoe.com

'ဘုရားတပည့်တော်သည် သီချင်းနားထောင်ခြင်း၊ ကခုန် မြူးထူးခြင်းတို့ကို မပြုပါ'

'ဘုရားတပည့်တော်သည် ပန်းပန်ခြင်း၊ ရေမွှေးနံ့သာလိမ်းကျံခြင်းတို့ကို မပြုပါ'

'ဘုရားတပည့်တော်သည် မြင့်သော၊ မြတ်သောအိပ်ရာ နေရာတို့၌ မအိပ်မနေပါဘုရား'

'ဘုရားတပည့်တော်သည် ရွှေ၊ ငွေတို့ကို မကိုင်မတွယ် အလှူမခံပါဘုရား'

ထို့နောက်တော့ ဦးပဥ္စင်းနှင့် ကိုရင်များပါ ကျောင်းနေသံဃာအားလုံး ကမ္မဝါဉတ်တော့သည်။ သူတို့နှစ်ဦးကို အဝတ်ဖြူမှချွတ်၍ ဗုဒ္ဓမြတ်စွာ၏ သားတော်များ ဝတ်ဆင်သော ဖန်ရည်စွန်းသည့်သင်္ကန်းကို ဝတ်ဆင်ပေးလိုက်ကြတော့သည်။ ပရိသတ်များ တဖြည်းဖြည်း ပြန်ကုန်ကြသည်။ သူတို့သည် ကိုရင်များ ဖြစ်သွားကြပြီဖြစ်သော ဘွန်ဆရီနှင့် အိုက်ပင်းတို့ကို ကျောင်း၌ ထားရစ်ခဲ့ကြသည်။ သူတို့နှစ်ဦးသည် ဘုရားဆင်းတုတော်ရှေ့တွင် ဒူးထောက်ကျန်ရစ်ခဲ့ကြသည်။

မကြာမီ မှောင်လာကာ ညဘက်သို့ ရောက်ရှိလာသည်။ တစ်နေကုန် ပင်ပန်းထားသော ကိုရင်လေးနှစ်ပါးသည် သံဃာတော်များ ကျိန်းစက်သည့်ကျောင်း၏ ဝရန်တာတွင် လဲလျောင်းနေကြသည်။ အိုက်ပင်းကား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ ဘွန်ဆရီကား အိပ်မပျော်နိုင်။ သူသည် တစ်နေကုန် ဘုရားရှိခိုး ဆုတောင်းစာများကို ရွတ်ဖတ်ခဲ့ရသော်လည်း နောက်ထပ် ဆုတောင်းစရာ ကျန်သေးသည်ကို သိသည်။ ထိုဆုတောင်းကို နောက်တစ်နေ့ နံနက်အရုဏ်မတက်မီ ဆုတောင်းမည်ဟု အားခဲထားသည်။

ညသန်းခေါင်ကျော်ကျော် အချိန်လောက်တွင် ဘွန်ဆရီသည် အိပ်ရာမှ အသာထလိုက်ကာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်သော ဂန္ဓကုဋိတိုက်ဘက်ဆီသို့ ခြေခပ်ဖွဖွနင်း၍ ထွက်လာခဲ့သည်။ ဖယောင်းတိုင် ခုနစ်တိုင်နှင့် အမွှေးတိုင်ခုနစ်တိုင်ကိုလည်း ယူဆောင်လာခဲ့သည်။ သူသည် ဘုရားဆင်းတုတော်ကြီးရှေ့တွင် ဖယောင်းတိုင်နှင့် အမွှေးတိုင်တို့ကို ထွန်းညှိ ပူဇော်လိုက်သည်။ ထို့နောက် ဘွန်ဆရီသည် မြတ်စွာဘုရားသခင် ကိုယ်တော်

mgyoe.com

mgyoe.com

မြတ်ကြီး၏ ရှေ့မှောက်တွင် ရှိသေစွာ ဒူးထောက်ထိုင်ချလိုက်သည်။ သူ ထိုင်သည့် နေရာသည် လွန်ခဲ့သော ၁၂ နှစ်က သူ့မိဘနှစ်ပါးတို့ သားဆုပန် ခဲ့သည့် နေရာပင်တည်း။ ယခုလည်း ဘွန်ဆရီကလေးသည် သူ့မိဘတို့ ထိုင်ခဲ့သည့် နေရာတွင်ပင်ထိုင်၍ ရှိခိုးဆုတောင်းနေလေပြီ။

'အရှင်မြတ်ဘုရား တပည့်တော်သည် ဤနေရာသို့ တပည့်တော်၏ ခြေထောက်ကောင်းအောင် ဆုတောင်းဖို့လာခြင်း မဟုတ်ပါဘုရား။ တပည့် တော်သည် တပည့်တော်၏ ခြေလိမ်ဖည်လိမ်ဖည် ဘဝဖြင့် မညည်းမညူ နေလာခဲ့သည်မှာ ၁၁ နှစ်ပင်ပြည့်၍ နေသားကျနေပါပြီဘုရား၊ သို့ပါသော် လည်း တပည့်တော်ကြောင့် တပည့်တော်တို့ မိဘဘိုးဘွားများ အစဉ်အဆက် ကိုးကွယ်ရာ တပည့်တော်အပေါ် အလွန်ကြင်နာတော်မူသော ဆရာမြတ် တစ်ဆူဖြစ်သည့် ကျောင်းထိုင်ဆရာတော်နှင့်တကွ တပည့်တော်တို့အားလုံး ကုသိုလ်ကောင်းမှုပြုရာ ဤကျောင်းကြီးအပေါ်တွင် ကျရောက်မည့် ဘေး အန္တရာယ်ဆိုးတို့ကို ကင်းဝေးအောင် ဖယ်ရှား စောင့်ရှောက်တော်မူပါ အရှင် မြတ်ဘုရား'

ဘွန်ဆရီသည် ဆုတောင်းကို တိုးတိုးကလေး ရွတ်ဆိုရင်း ဘုရား သခင်ကိုယ်တော်မြတ်ကြီး၏ မျက်နှာတော်ကိုမော့၍ ဖူးလိုက်သည်။ သူသည် ဘုရားသခင် ရုပ်တုကြီး၏ နှုတ်ခမ်းအစုံပေါ်မှ ကြင်နာသော အပြုံးကို တွေ့လိုက်ရသည်။ လွန်ခဲ့သော ၁၂ နှစ်က သူ့ဖခင် တွေးထင်လိုက်သလို ဘုရားသခင်က ပြုံးပြနေသည်ဟု ထင်လိုက်မိခြင်းဖြစ်သည်။ ထို့ပြင် သူသည် အနန္တကရုဏာတော်ရှင်မြတ်ကြီးက 'ချစ်သား စိုးရိမ်ပူပန်ခြင်းကင်းလော့။ အရာရာသည် ပြေပြစ်ချောမွေ့သွားလိမ့်မည်'ဟု သူ့အား ဗျာဒိတ်ပေးနေသည် ဟူ၍လည်း စိတ်ထဲ၌ ခံစားနေမိသည်။

ဘွန်ဆရီသည် မတ်တတ်ရပ်လိုက်သည်။ ထိုအခါ သူ့ကိုယ်တွင် တစ်ခုခု ရုတ်ချည်းပြောင်းလဲသွားသည်ဟု ခံစားလိုက်ရသည်။ သူ့ကိုယ် သည် ဖြောင့်မတ်စွာ ရပ်မိလျက်သား ဖြစ်နေလေသည်။ ယခင်ကကဲ့သို့ပင် ပခုံးတစ်ဖက်စောင်းနင်းဖြင့် ရပ်နေရသည့် အနေအထားမျိုးမဟုတ်။ သူသည် ဂန္ဓကုဋီတံခါးဝဆီသို့ စမ်း၍ လျှောက်လှမ်းလိုက်သည်။ ပထမနှစ်လှမ်းသုံး လှမ်းတွင် ကျင့်သားမရသေးသည်မို့ ကိုယ်ကို မထိန်းနိုင်ဘဲ ကိုးရိုးကားရား

mgyoe.com


ဖြစ်သွားသေးသည်။ ထို့နောက် ချက်ချင်းနေသားကျသွားကာ ခြေလှမ်းမှန်သွားသည်။ သူသည် ယုံကြည်ရဲဝံ့စွာခိုင်မြဲသော ခြေလှမ်းတို့ဖြင့် တံခါးဝဆီသို့ လှမ်းလာခဲ့တော့သည်။

ထိုညက ကျောင်းထိုင်ဆရာတော်ကြီးမှာ ကောင်းကောင်းအိပ်မပျော်ခဲ့ချေ။ သန်းခေါင်ကျော်၍ အိပ်ရာမှထ၍ ပြင်ပမှ လေကောင်း လေသန့်ရရန် ကျောင်းသခ်မ်းမှထွက်၍ ဝရန်တာသို့ လာခဲ့သည်။ ထိုအခါ ဆရာတော်သည် ဂန္ဓကုဋီတိုက်ဘက်ဆီမှ မီးရောင်ခပ်မှိန်မှိန်ကို တွေ့လိုက်ရာ 'ညကြီး မင်းကြီး ဘယ်သူများ မီးလာပူဇော်ပါလိမ့်' ဟု တွေးကာ စုံစမ်းရန် ကျောင်းပေါ်မှ ဆင်းလာခဲ့လေသည်။

ဂန္ဓကုဋီတိုက်ရှေ့ ရောက်လာသောအခါ ဆရာတော်သည် ဘွန်ဆရီအား ကျောင်းတိုက်အဝတွင် ရပ်လျက်ရှိနေသည်ကို တွေ့ရလေသည်။ ဤသူငယ်ကလေးကိုယ်ခန္ဓာတွင် တစ်ခုခုထူးခြားနေသည်ဟု ရိပ်မိလိုက်သည်။ ခဏအကြာတွင် သူငယ်ကလေး ခါတိုင်းကဲ့သို့ ပခုံးတစ်ဖက်နိမ့်ကာ ရပ်နေခြင်းမဟုတ်ဘဲ မတ်မတ်ရပ်နေခြင်းသာဖြစ်ကြောင်း သိလိုက်လေတော့သည်။

'ဆင်းခဲ့သား ဆင်းခဲ့'

ဆရာတော်က ခေါ်လိုက်သည်။ ဘွန်ဆရီသည် လှေကားထစ်များအတိုင်း အောက်သို့ တဖြည်းဖြည်း ဆင်းလာသည်။ ယခင်ကဲ့သို့ နိမ့်စောင်းနိမ့်စောင်းမရှိ။ ပကတိအကောင်းအတိုင်း ဆင်းလာခြင်းဖြစ်သည်။ ဘွန်ဆရီသည် ဆရာတော်ထံ ရောက်သော် ဒူးထောက် ရှိခိုးလိုက်သည်။

'အရှင်မြတ်ဘုရား တပည့်တော်ဟာ ဆရာတော် ဆိုဆုံးမတော်မူတဲ့အတိုင်း ကိုယ့်ဖို့ကို မစဉ်းစားဘဲ သူတစ်ပါးအကျိုးကိုသာ စဉ်းစားခဲ့ပါတယ်။ တပည့်တော်ဟာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အရှင်ဘုရား တပည့်တော်ရဲ့ ခြေထောက်က အကြောင်းမဟုတ်ပါ။ ဒါပေမဲ့ တပည့်တော်ကြောင့် တပည့်တော် လွန်စွာ ရိုသေမြတ်နိုးလှတဲ့ ဆရာတော်နှင့်တကွ ကျောင်းကြီးတစ်ခုလုံး ကံဆိုးမိုးမှောင်ကျခြင်းဘေးမှ ကင်းဝေးအောင် ကယ်မ စောင့်ရှောက်တော်မူပါဘုရား။ ဒီကျောင်းနဲ့ ဆရာတော်ဘုရားတို့ဟာ တပည့်တော်တို့မိသားစု တစ်သက်လုံး ကိုးကွယ်ရာ ဖြစ်ပါတယ်ဘုရားလို့ လျှောက်ထားလိုက်ပါတယ်ဘုရား။ အဲဒီခဏမှာပဲ ဘုရား

mgyoe.com

mgyoe.com


သခင်ကိုယ်တော်မြတ်ကြီးက တပည့်တော်ကို ပြုံးပြတော်မူပါတယ်ဘုရား။ အစစအရာရာလည်း ချောမောပြေပြစ်သွားလိမ့်မယ်လို့ ဗျာဒိတ် ပေးတော်မူပါတယ်ဘုရား။ အဲဒီအချိန်မှာပဲ တပည့်တော်ရဲ့ ခြေထောက်ဟာ အကောင်းပကတိ ဖြစ်သွားတော့တာပဲဘုရား'

ဆရာတော်က ဘွန်ဆရီကို သေချာကြည့်နေသည်။ ပြီးမှ တအံ့တသြဖြစ်ကာ မိန့်ဆိုလေသည်။

'သားတော်ရဲ့ မိဘတွေက သားတော်ကို 'ကံထူး'လို့ မှည့်ခေါ်ကြတာဟာဖြင့် ဒီညတော့ ငါ့သား တကယ့်ကံထူးပြီ။ ဒါဟာလည်း သားဟာ ကိုယ့်ဒုက္ခကို မတွေးဘဲ၊ ကိုယ့်အတွက် ဆုမတောင်းဘဲ ကိုယ့်ဘုန်းကြီးကျောင်း၊ ကိုယ့်ဆရာတော်၊ မိဘဆွေမျိုးနဲ့တကွ မိတ်ဆွေအပေါင်းအသင်းတို့ရဲ့ အရေးကိုသာ ဦးစားပေး ဆုတောင်းခဲ့လို့ပဲ ဖြစ်တယ်။ မှန်းစမ်း၊ သားခြေထောက် ကောင်းသွားတယ်ဆိုတာ ဟုတ်ရဲ့လား။ သေချာမှဖြစ်မယ်။ သား ဒီနဲ့ ဟိုဘက်စေတီအထိ အသွားအပြန် တစ်ခေါက်ပြေးပြစမ်းကွယ်။ ညဘက်ကြီး ကိုရင်ကြီးတစ်ပါး ဘုရားကြိုကြား လျှောက်ပြေးနေတာကို တစ်ယောက်ယောက်တော့ မမြင်တွေ့တန်ကောင်းပါဘူး'

ကိုရင်ကံထူးလည်း သင်္ကန်းကို ကျစ်ကျစ်ပါအောင် လိပ်တင်ပြီး စေတီဘက်သို့ ပြေးလေတော့သည်။ လွန်ခဲ့သည့် တစ်နာရီလောက်က ဒုက္ခိတတစ်ယောက်ဖြစ်ခဲ့သည့် သူငယ်ကလေးမှာ အခုချက်ချင်းပင် လူကောင်းပကတိအတိုင်း တောက်ပသောလရောင်အောက်တွင် သန်မာသော ခြေလှမ်းများဖြင့် ယိမ်းယိုင်ခြင်းမရှိဘဲ ပြေးလွှားနေသည်ကို မြင်ရသည်မှာ အလွန်အံ့ဖွယ်ရာ ကောင်းလှပါတော့သည်။ မျက်စိဖြင့်သာ တပ်အပ်မမြင်ရပါက ယုံနိုင်ဖွယ်ရာမရှိ။ သူငယ်ကလေး ပြေးနေသည်မှာ သစ်တောထဲမှ ပြေးထွက်လာသည့် နတ်သူငယ်ကလေးနှင့် အလွန်တူနေလေတော့သည်။

ဘွန်ဆရီသည် စေတီတော်အနီးသို့အောင်မြင်စွာ ရောက်ရှိသွားပြီဖြစ်သည်။ ဘွန်ဆရီသည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ လက်နှစ်ဖက်ကို မိုးပေါ်သို့ဆန့်တန်းလိုက်သည်။ သူသည် ဝမ်းသာလွန်း၍ ကျောင်းထိုင်ဆရာတော်၊ ကျောင်းကြီးနှင့်တကွ ဩကာသ လောကကြီးတစ်ခုလုံးကိုပါ လှမ်းဖက်လိုက်ချင်သည့်စိတ် ဖြစ်ပေါ်လာသည်။ ထို့နောက် ဘွန်ဆရီသည်

mgyoe.com

mgyoe.com


ဆရာတော်ထံသို့ ပြန်ပြေးလာကာ ဆရာတော်၏ ခြေတော်ရင်းတွင် ဒူးထောက်ကာ ရှိခိုးလိုက်သည်။

ဆရာတော်၏ ပီတိသည် ရင်တွင်းမှ လှိုက်တက်လာသည်။ ထို့နောက် ဆရာတော်၏ နှုတ်တော်မှ တည်ကြည်လေးနက်သောအသံသည် ပေါ်ထွက်လာသည်။

'မနက်ဖြန် မိုးလင်းတာနဲ့ သားတော်ရဲ့ မိဘတွေဆီ အမြန်သွားပြီး ဒီအကြောင်းကို ပြောပြပေတော့။ သားတော်ရဲ့အကြောင်းဟာ မွန်းတည့်ချိန်လောက်ဆိုရင်တော့ တစ်မြို့လုံး သိကြပြီ။ ဇင်းမယ်ရေဒီယိုကတစ်ဆင့် တစ်ကမ္ဘာလုံးသိအောင် ထုတ်လွှင့်တော့မယ်။ မကြာခင် ဘုန်းကြီးတို့ကျောင်းနဲ့ ဂန္ဓကုဋီတိုက်မှာ သတင်းစာသမားတွေ၊ ဓာတ်ပုံဆရာတွေ အထူးအဆန်း လိုက်ကြည့်ကြတဲ့သူတွေ စုပြုံအုံခဲ ရောက်ရှိလာကြတော့မယ်။ သားတော်ကို ဘုရင်နဲ့ မိဖုရားဆီကိုတောင် ခေါ်သွားချင် ခေါ်သွားကြလိမ့်မယ်။ ရုပ်ရှင်ကုမ္ပဏီတွေကလည်း သားတော်ကို အခကြေးငွေ ကောင်းကောင်းပေးပြီး သူတို့အတွက် သရုပ်ဆောင်ခိုင်းကြဦးမယ်။ နိုင်ငံခြားတွေကလည်း ခေါ်ကြဦးမယ်။ သားတော်ကို နည်းပေါင်းများစွာနဲ့ ဝိုင်းဖျက်ဆီးကြလိမ့်မယ်။ ကဲ... ဒီတော့ သားတော်ဘာလုပ်ချင်တုံး'

'သားတော် ဒီကျောင်းမှာပဲနေပြီး ကျောင်းဝေယျာဝစ္စတွေ လုပ်မှာပါဘုရား။ ဒီကျောင်းဟာ သားတော်ကို အံ့သြစရာကောင်းတဲ့ ကောင်းချီးမင်္ဂလာ ပေးတဲ့ကျောင်းဖြစ်ပါတယ်ဘုရား။ သားတော် ဒီမှာပဲ အရွယ်ရောက်လူကြီးဖြစ်တဲ့အထိ နေသွားမှာပါဘုရား။ ဒီနောက်ပိုင်းတော့ မပြောတတ်ပါဘုရား'

'ငါ့သား သားတော်ဟာ ပြောတဲ့အတိုင်းလုပ်မယ့်သူဆိုတာ သိပါတယ်ကွယ်။ ဒါပေမဲ့ အခု ဘဘုန်းနဲ့ ဂန္ဓကုဋီတိုက်ထဲကို ပြန်လိုက်ခဲ့ဦး။ တို့ဘုရားသခင်ကိုယ်တော်မြတ်ကြီးရှေ့မှာ ဝတ်ပြု ဆုတောင်းလိုက်ကြဦးစို့ရဲ့။ မနက်ဖြန်ဆို သားတော်ရဲ့ အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်ကို တစ်ကမ္ဘာလုံး သိကြတော့မယ်။ ဒီညတော့ ဘဘုန်းနဲ့ သားတော်နှစ်ဦးပဲ သိကြသေးတာပေါ့ကွာ'

ထိုသို့ဖြင့် ဆရာတော်နှင့် ဘွန်ဆရီတို့သည် ဂန္ဓကုဋီတိုက်တွင်းသို့

mgyoe.com

mgyoe.com

ဝင်လာခဲ့ကြလေသည်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရှေ့တွင် ဘွန်ဆရီ ထွန်းညှိထားခဲ့သော ဖယောင်းတိုင် ခုနစ်တိုင်ကား ထွန်းလင်းဆဲ။ အမွှေးတိုင် ခုနစ်တိုင်မှာလည်း မွှေးရနံ့များ သင်းထုံဆဲ။ ဆရာတော်ကြီးနှင့် ဘွန်ဆရီတို့သည် ဘုရားသခင် ကိုယ်တော်မြတ်ကြီးရှေ့တွင် ရှိသေစွာ ဒူးထောက်ထိုင်လိုက်ကြကာ လက်အုပ်မိုး၍ ရှိခိုးလိုက်ကြသည်။

ကိုယ်လုံးပြည့် ရွှေသားရောင်ဝင်းအိနေသော မဟာကရုဏာတော်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ မျက်နှာတော်ကား ကြည်လင်ဝင်းပလျက်။ ဘုရားရှင်သည် သားတော်နှစ်ပါးကို ငုံ့ကြည့်ကာ ပြုံးနေတော်မူလေသည်။

[ Tales From Thailand မှ Excellent Merit ကို ပြန်ဆိုပါသည် ]
**ပန်းဝေသီမဂ္ဂဇင်း၊ အမှတ်-၁၀၃၊ ၁၉၉၇၊ ဧပြီလ။**

❒

mgyoe.com

mgyoe.com

# ရသေ့နှင့် ကင်းမြီးကောက်

နံနက်နေရောင်ခြည်သည် ဂင်္ဂါမြစ်ရေပြင်ပေါ်သို့ ဖြာကျလျက်ရှိသည်။ ဂင်္ဂါမြစ်ကမ်းရေချိုးဆိပ်တွင် ရေချိုးသူများဖြင့် စည်ကားနေသည်။

ရသေ့တစ်ပါးသည်လည်း သီးခြားတစ်နေရာတွင် ရေချိုးလျက်ရှိသည်။

ထိုအချိန်တွင် ဂင်္ဂါမြစ်ထဲ၌ ကင်းမြီးကောက်တစ်ကောင်သည် မြစ်ကမ်းပါးသို့ ယက်ကန်ယက်ကန်ဖြင့် တရွေ့ရွေ့ကူးလာနေသည်။ သို့သော် ကင်းမြီးကောက်ကလေးသည် မြစ်ရေ စီးဆင်းရှိန်ကြောင့် မကြာမကြာ ရေနစ်မြုပ်နေလေသည်။ ရေထဲသို့ နစ်မြုပ်လိုက် ပြန်ပေါ်လာပြီး ကူးလိုက်ဖြင့် ကင်းမြီးကောက်ကလေးသည် ကမ်းစပ်သို့ရောက်ရန် အားကုန်ကြိုးပမ်းနေသည်။

ထိုအချိန်တွင် ကမ်းစပ်တွင် ရေချိုးနေသော ရသေ့သည် အသက်လုကာ ကြိုးစားကူးခတ်နေသော ကင်းမြီးကောက်ကလေးကို မြင်တွေ့သွားပြီး ကင်းမြီးကောက်ကလေးဆီသို့ အမြန်ချဉ်းကပ်သွားကာ ရေထဲတွင် မြုပ်လုမြုပ်ခင်ဖြစ်နေသော ကင်းမြီးကောက်ကလေးကို လက်ဖြင့် ရေထဲမှ ဆယ်ယူလိုက်သည်။

ထိုအခါ ကင်းမြီးကောက်ကလေးသည် သူ့အသက်ကို ကယ်ဆယ်သူ ရသေ့၏လက်ကို ချက်ချင်းပင် အဆိပ်ဖြင့်ပြီးသည့် သူ့အမြီးချွန်ဖြင့် ထိုးတုပ်တုံ့ပြန်လိုက်သည်။ ရသေ့ခမျာ ပြင်းစွာ နာကျင်လွန်းရကား သူ့လက်ကို

mgyoe.com

ဆတ်ခနဲ ခါချမိရက်သား ဖြစ်သွားသောကြောင့် ကင်းမြီးကောက်ကလေး သည် ရေထဲသို့ ပြုတ်ကျသွားလေသည်။

ရသေ့သည် စိတ်ပျက်မသွားပေ။ သူ့ဆုံးဖြတ်ချက်ကိုလည်း မပြင်ပေ။ သူ ခံစားနေရသည့် နာကျင်မှုကိုလည်း ဂရုမပြုအားပေ။ သူ့တွင် အသက် ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသော ကင်းမြီးကောက်ကလေးကို ကယ် တင်မည်ဟူသည့် စိတ်ဆန္ဒတစ်ခုတည်းသာ ရှိနေသည်။

ထိုသို့ဖြင့် ရသေ့သည် ရေပေါ်တွင် ယက်ကန်ယက်ကန်ဖြင့် ကြိုးစား ကူးခတ်နေသော ကင်းမြီးကောက်ကလေးကို လက်ဖြင့် ဆယ်ယူလိုက်ပြန် လေသည်။

ထိုအခါတွင်လည်း ကင်းမြီးကောက်ကလေးသည် သူ့အဆိပ်စူးဖြင့် ရသေ့၏လက်ကို တုပ်ထိုးလိုက်ပြန်လေသည်။ ရသေ့လည်း နာကျင်လွန်း အားကြီး၍ လက်ကိုဆတ်ခနဲ ရုပ်လိုက်ပြန်ရာ ကင်းမြီးကောက်ကလေးသည် ရသေ့လက်ထဲမှတစ်ဖန် ပြန်လည်ကျသွားပြန်လေသည်။

မြစ်ကမ်းစပ် ရေချိုးဆိပ်တွင် ရေချိုးနေကြသည့် လူများသည် ကင်းမြီး ကောက်ကလေး၏ အသက်ကို ကယ်တင်နေသော ရသေ့ကို ကြည့်ရှုနေ ကြသည်။ သူတို့သည် ရသေ့က ကင်းမြီးကောက်ကို ဆယ်ယူလိုက်၊ ကင်းမြီး ကောက်က ရသေ့လက်ကို တုပ်ပြီး ရေထဲပြန်ကျသွားလိုက် ဖြစ်နေသော မြင်ကွင်းကိုကြည့်ကာ ရသေ့အပေါ် နားမလည်နိုင်အောင် ဖြစ်နေကြသည်။ ရသေ့သည် ကင်းမြီးကောက်၏ အဆိပ်ဆူးချွန်ဖြင့် ဒုတိယမြောက် အတုပ် ခံရပြီးဖြစ်သည်။ မည်မျှ နာကျင်ခံစားရမည်နည်း။

'မိုက်မဲလှတဲ့ ရှင်ရသေ့'ဟု လူအုပ်ထဲမှ တစ်ဦးက ကဲ့ရဲပြောဆို သည်။

'မဖြစ်နိုင်တာကိုလုပ်တဲ့ ပုဂ္ဂိုလ်ပဲ'

နောက်တစ်ဦးက ဆိုပြန်သည်။

ရသေ့သည် လူတွေဘာပြောပြော ဂရုမထားပေ။ ဂရုစိုက်မအားပေ။ ဘယ်နည်းနှင့်ဖြစ်ဖြစ် ကင်းမြီးကောက်ကလေးကို ကယ်တင်ရေးသာ စွဲမှတ် ထား၍ သူ့လက်ကို အဆိပ်ပြင်းသောစူးချွန်ဖြင့် ဆက်လက်အတုပ်ခံရမည်ကို သိနေသော်လည်း ရေထဲသို့ ကုန်းလိုက်ကာ ကင်းမြီးကောက်ကလေးကို

mgyoe.com

mgyoe.com


လက်ဖြင့် ဆယ်တင်လိုက်ပြန်လေသည်။

ရသေ့၏ ကင်းမြီးကောက်ကို တတိယအကြိမ်မြောက် အသက်ကယ်တင်မှုဖြစ်၏။

ထိုအကြိမ်တွင်လည်း ကင်းမြီးကောက်ကလေးသည် သူ့ကို လာထိသော ရသေ့၏လက်ကို သူ့အဆိပ်ဆူးဖြင့် ပြင်းစွာ တုပ်လွှတ်လိုက်ပြန်လေသည်။

သို့သော် ယခု တတိယအကြိမ်တွင် ရသေ့သည် သူ့နာကျင်မှုကို ကြိတ်မှိတ်အောင့်ခံကာ သူ့လက်ကို နာကျင်စွာ တုပ်ခဲထားသော လက်ထဲမှ ကင်းမြီးကောက်ကလေးကို ခါမချဘဲ မြစ်ကမ်းစပ်သို့သွားကာ ကင်းမြီးကောက်ကလေးကို သဲပြင်ပေါ်သို့ အသာအယာ ချပေးလိုက်လေသည်။

မိမိကိုယ်ကို အနာခံကာ ဖွဲကောင်းကောင်းဖြင့် သူ့အသက်ကို ကယ်တင်လိုက်သည့် ရသေ့ကြီး၏ မေတ္တာ၊ စေတနာ၊ ကရုဏာကို ကင်းမြီးကောက်ကလေးမှာ အဘယ်လျှင် သိရှိနိုင်ပါမည်နည်း။ ရသေ့ကြီးကို ကျေးဇူးတင်ရကောင်းမှန်း အဘယ်သို့ သိရှိနိုင်ပါမည်နည်း။

ကင်းမြီးကောက်ကလေးသည် မြစ်ကမ်းသဲပြင်ပေါ်သို့ ရောက်သည်နှင့် သူ့အမြီးကလေးကို ယမ်းကာယမ်းကာ ဘေးကင်းစွာဖြင့် ထွက်ခွာသွားလေတော့သည်။

ရသေ့မှာမူ သူ့လက်ကို ကင်းမြီးကောက်က အဆိပ်ဆူးဖြင့် အကြိမ်ကြိမ် တုပ်လွှတ်ခဲ့၍ နာကျင်မှုကို ပြင်းထန်စွာ ခံစားနေရရှာသည်။

ထိုအချိန်တွင် လူအုပ်စုထဲမှ လူတစ်ဦးသည် ရသေ့ထံသို့ ရောက်ရှိလာကာ သူ့စိတ်ကို မအောင့်အည်းနိုင်တော့ဘဲ ရသေ့ကြီးကို မေးခွန်းထုတ်ဖော် ပြောဆိုလိုက်လေသည်။

'ရှင်ရသေ့… ဒီလို ကျေးဇူးတရားမသိတတ်တဲ့၊ အန္တရာယ်ပြုတတ်တဲ့ သတ္တဝါကို ဘာလို့ကြိုးစားပြီး ကယ်တင်ရပါသလဲ။ အခု နာကျင်မှုကို ရှင်ရသေ့က ခံစားရပါသလား၊ ကင်းမြီးကောက်က ခံစားရပါသလား'

ထိုသူ၏စကားကို ကြားသော် ရသေ့ကပြုံးကာ…

'ကင်းမြီးကောက်ဆိုတာ သူ့ကိုထိရင် သူ့အဆိပ်ဆူးနဲ့ တုပ်လွှတ်မှာပဲ၊ ဒါ သူ့အလုပ်ပဲ။ သူ့သဘာဝပဲ။ ရသေ့ဆိုတာလည်း သူ့တစ်ပါးရဲ့

mgyoe.com

mgyoe.com


ဘေးဒုက္ခအသက်ကို ကယ်တင်တာ သူ့အလုပ်ပဲ။ သူ့သဘာဝပဲ။ ကိုယ့်အလုပ်ကိုကိုယ်လုပ်၊ သူ့အလုပ်သူလုပ်ကြတာပဲ။ ကင်းမြီးကောက်ကလေးတောင်မှ သူ့အလုပ်ဖြစ်တဲ့ သူ့သဘာဝဖြစ်တဲ့ အဆိပ်ဆူးနဲ့တုပ်တာကို မစွန့်လွှတ်သေးရင် ငါ့လိုရသေ့က ငါ့အလုပ်ဖြစ်တဲ့၊ ငါ့သဘာဝတရားဖြစ်တဲ့ သူတစ်ပါးရဲ့အသက်ကို ကယ်တင်တာကို ဘယ်လိုစွန့်ပစ်လို့ ဖြစ်နိုင်ပါ့မလဲ' ဟု ပြောဆိုလိုက်လေသည်။

ရသေ့၏ ပြန်ပြောလိုက်သောစကားကိုကြားသော် လူပရိသတ်သည် ကိုယ့်ကိုယ်ကိုယ် ပြန်ရှက်မိသွားကြကာ ခေါင်းကလေးများကို ငုံ့လိုက်ကြလေသည်။

[ ၁၉၇၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ထုတ် (အတွဲ ၂၅၊ အမှတ် -၂) အိန္ဒိယမဂ္ဂဇင်းတွင် ပါရှိသော အိန္ဒိယစာရေးဆရာ NADODI ရေးသားသည့် Hermit and Scorpion ကို ပြန်ဆိုပါသည်။ ]

စိမ်းရောင်လွှင်မဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ။

❐

mgyoe.com

mgyoe.com

# မြင်းမိုရ်ထက် မြင့်သော

'မိုက်'သည် ဆင်းရဲသောလူကလေး ဖြစ်သည်။ သူသည် လူသူ ရှုပ်ထွေးနေသောလမ်းကို ဖြတ်ကာ သူ့အိမ်သို့ အသော့နှင်လာသည်။ လမ်းသည် ကားသံ၊ လူသံများဖြင့် ဆူညံနေသည်။ လေပြည်ထဲတွင်ပါလာသော အရှေ့တိုင်း အစားအစာတို့၏ ရနံ့က သူ့နှာဝသို့ ပွတ်တိုက်သွားသည်။

မကြာမီ 'မိုက်'သည် သူ့လမ်းထိပ်ရှိ ဆိုင်တစ်ဆိုင်သို့ ရောက်ရှိလာသည်။ ဆိုင်ထိပ်တွင် 'အယ်ဖိုစီလီဂရို အပေါင်ဆိုင်' ဟူသော ဆိုင်းဘုတ်က အဖြူရောင်မီးရောင်အောက်တွင် ထင်ထင်ရှားရှား။

'မိုက်'က တံခါးကို ဖွင့်လိုက်ပြီး အထဲသို့ ဝင်လိုက်သည်။

မွန်ဆီရာလီဂရိုသည် ဝဝဖိုင့်ဖိုင့်၊ မျက်နှာကြီးကြီး၊ ပါးစပ်ပြဲပြဲ၊ ထူးခြားသော သူ့ရုပ်သွင်ဖြစ်သည်။ သူက စားပွဲတွင်ထိုင်နေရင်း–

'မင်္ဂလာညချမ်းပါ လူလေး'ဟု လှမ်းနှုတ်ဆက်လိုက်သည်။

မိုက်ကလည်း 'မင်္ဂလာညချမ်းပါ ခင်ဗျာ'ဟု ပြန်လည် နှုတ်ဆက်လိုက်သည်။

ထို့နောက် မွန်ဆီရာ လီဂရိုက

'မင်း ဘာအလိုရှိသလဲ'ဟု မေးလိုက်သည်။

'မိုက်'သည် အသက်ခပ်ပြင်းပြင်းရှူရင်း–

'ကျွန်တော် ငွေနည်းနည်း ချေးချင်လို့ပါ'ဟု မဝံ့မရဲ ပြောသည်။

မွန်ဆီရာလီဂရိုသည် ကျောက်မျက်ရတနာ စီခြယ်ထားသော လက်

mgyoe.com

mgyoe.com


စွပ်ကွင်းများ ဝတ်ဆင်ထားသည့် သူ့လက်ကြီးဖြင့် မျက်နှာကို ပွတ်သတ်ကာ–

'အေး ဆို'ဟု ပြောလိုက်သည်။

'မိုက်'သည် သူ့ကိုယ်နှင့်ကျပ်နေသော၊ ညစ်ပတ်နေသော သူ့ကုတ်အင်္ကျီအိတ်အတွင်း လက်ကို ထည့်ထားရင်း–

'ကျွန်တော် ငွေသိပ်လိုနေလို့ပါခင်ဗျာ' ဟု ဆက်ပြောသည်။

ထိုအခါ မွန်ဆီရာလီဂရိုက တဟားဟား ရယ်မောကာ

'ဘယ်သူကများ ငွေမလိုတဲ့သူ ရှိလို့လဲကွာ'ဟု ပြောလိုက်သည်။

မိုက်ကယ်က

'တခြားသူတွေနဲ့စာရင် ကျွန်တော်က ငွေသိပ်လိုအပ်နေလို့ပါ' ဟု ရှင်းပြသည်။

'ကောင်းပါပြီ၊ ငါက စီးပွားရေးသမားပဲ။ မင်းကို ငွေချေးလိုက်ရင် ပြန်ရမှဖြစ်မယ်နော်'

မိုက်က မွန်ဆီရာလီဂရို၏စကားကို နားထောင်နေသည်။ သူ၏ ကြီးမားသော မျက်နှာတွင် သေးငယ်သော ပါးစပ်ပေါက် အဘယ့်ကြောင့် မရှိနေရသနည်းဟု စဉ်းစားနေမိသည်။ ကျောက်ပြား ကြမ်းပြင်၏ အအေးဓာတ်က သူ့ရှုးဖိနပ်စီးထားသည့် ခြေထောက်ကို မြှောက်လိုက်၊ ချလိုက် လုပ်နေရသည်။

'ဒီလိုပါခင်ဗျာ။ ကျွန်တော့်အဖေက ဆုံးသွားတာကြာပါပြီ။ အမေကလည်း ကျန်းမာရေးမကောင်း ဖြစ်နေပါတယ်။ ကျွန်တော့်အလုပ်က တစ်ပတ်မှ ငွေဒင်္ဂါးတစ်ဆယ် ရရှိပါတယ်'

'မိုက်' က သူ့အခက်အခဲကို ရှင်းပြသည်။

မွန်ဆီရာလီဂရိုသည် သူ့မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ကာ 'မိုက်' ပြောသည်ကို ဆက်နားထောင်နေသည်။

'ဆရာဝန်က ကျွန်တော့်အမေကို တောင်ခြေကို ခေါ်သွားပြီးထားရင် ရောဂါသက်သာမယ်လို့ ပြောပါတယ်။ ကျွန်တော်အလုပ်ကို ပိုမိုကြိုးစားပြီး ဦးကြီးရဲ့ ငွေကို ပြန်ဆပ်ပါ့မယ်။ ကျွန်တော် အမြန်ဆုံး ပြန်ဆပ်နိုင်မှာပါ'

မွန်ဆီရာလီဂရိုသည် 'မိုက်'ကြည့်လိုက်သည်။ လူငယ်၏ အသက်

mgyoe.com

mgyoe.com


ရှုသုံပြင်းပြင်း နေရသည်။ စိတ်အားထက်သန်မှုသည် သူ့မျက်နှာတွင် အထင်းသားပေါ်နေသည်။ အလွန်စိုးရိမ်ပူပန်မှုလည်း ရှိပုံရသည်။

မွန်ဆီရာလီဂရီသည် လူကလေး 'မိုက်' ကို အလွန်သနားသွားသည်။ စိတ်မကောင်းလည်း ဖြစ်သွားသည်။ သူ့စိတ်ထဲ၌ 'မိုက်'ကို မိခင်အားအလွန် ဂရုစိုက်သော လူငယ်ကလေးဟု အသိအမှတ်ပြုလိုက်သည်။ သို့သော် သနားစိတ်နှင့် သူ့စီးပွားရေးလုပ်ငန်းသည် မသက်ဆိုင်၊ သနားစိတ်က သတ်သတ်၊ စီးပွားရေးက သတ်သတ်ပင်။ ဤသို့သော သည်ပြသနာမျိုးကို နေ့စဉ် ရင်ဆိုင်ရ၍ မွန်ဆီရာလီဂရီအဖို့ ရိုးနေပြီဖြစ်သည်။

တစ်နေ့တစ်နေ့ ဆင်းရဲသော၊ ပို၍ဆင်းရဲသောသူများ သူ့ထံ လာရောက်ကြ၍ သူတို့၏ ဒုက္ခအဖုံဖုံကို သနားစဖွယ်တင်ပြကာ ငွေချေးရန် ပြောကြားသူပေါင်းမှာ များလှပြီဖြစ်သည်။ 'ငါဟာ ငွေချေးသူနော်၊ ငွေပေးကမ်းသူမဟုတ်ဘူး' ဟု သူ့စိတ်သူပြန်တင်းကာ-

'လူကလေး၊ မင်းကို ဦး မကူညီနိုင်ပါဘူးကွာ' ဟု ပြောလိုက်လေသည်။

မွန်ဆီရာလီဂရီသည် 'မိုက်'ကို ကြည့်လိုက်ရာ သူ့မျက်ဝန်းတွင် မျက်ရည်များဖြင့် ပြည့်နေသည်ကို တွေ့လိုက်ရသည်။

'မင်းနာမည်က ဘယ်သူလဲ'

'မိုက်ပါ ဦးကြီး'

'မင်းမှာ ငွေအနည်းအကျဉ်းတော့ ရှိမှာပေါ့'

'ကျွန်တော် လုပ်ခရထားတဲ့ ငွေဆယ်ဒင်္ဂါးတော့ ရှိပါတယ်။'

'မိုက်၊ မင်း ထီဖွင့်နေတာတွေကိုတော့ သိမှာပေါ့နော်၊ မင်း ထီထိုးဖူးသလား၊ ဟောဒီမှာ ထီလက်မှတ်၊ ထီလက်မှတ်ပေါ်မှာ နံပါတ်တွေတွေ့လား၊ လာမယ့်ကြာသပတေးနေ့ကျရင် ထီဖွင့်တော့မှာ။ မင်းထီပေါက်ခဲ့ရင် ငွေဒင်္ဂါးငါးသိန်းတောင်ရမယ်။ မင်း ဒီထီလက်မှတ်နဲ့ ကံစမ်းလို့ရတာပေါ့ မင်းလိုနေတဲ့ ငွေတွေကို မျှော်လင့်လို့ရတာပေါ့။

'မိုက်'က ပြန်ပြောသည်။

'ဦးကြီးပြောသလို ကျွန်တော်ထီထိုးပြီး မျှော်လင့်လို့ရတယ် ဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ မျှော်လင့်ချက် သိပ်နည်းပါတယ်။ ကျွန်တော့်

mgyoe.com

မှာရှိတဲ့ ဒင်္ဂါးတစ်ဆယ်ဟာ ကျွန်တော်တို့သားအမိ နှစ်ယောက်စားဖို့ ပေါင်မုန့်ဝယ်လို့ ရပါတယ်။ ထီထိုးလို့ကျန်တဲ့ ငါးဒင်္ဂါးနဲ့ ဘာလုပ်လို့ရတော့မှာလဲ'

မွန်ဆီရာလီဂရိုသည် 'မိုက်' မျက်နှာကို စေ့စေ့ကြည့်ကာ

'စဉ်းစားပါ လူကလေး၊ ဒါ မင်းရဲ့ အမေအိုကို ပြုစုစောင့်ရှောက်နိုင်ဖို့ အခွင့်အရေးတစ်ရပ်ပဲ'ဟု ပြောဆိုလေသည်။

မိုက်သည် မွန်ဆီရာလီဂရို၏ စကားကို ကြားရ၍ ခေတ္တခဏ မှင်တက်မိသလို ဖြစ်သွားသည်။ သူ့မျက်နှာပေါ်တွင် စိုးရိမ်စိတ်များ ဖြတ်သန်းသွားသည်။

'ကျွန်တော့်မှာ ငါးဒင်္ဂါးပဲရှိတော့တဲ့အကြောင်း ကျွန်တော့်အမေကို ဘယ်လို ပြောပြရမလဲ'

'ငွေငါးဒင်္ဂါးကို ပျောက်သွားတယ်လို့ ပြောလိုက်ပေါ့'

'ကျွန်တော့်အမေကို လိမ်ရာကျမှာပေါ့'

'ဒီမှာ မိုက်၊ တစ်ခါတစ်ရံ စေတနာပါတဲ့ ကိစ္စ၊ ကောင်းကျိုးရှိတဲ့ ကိစ္စရပ်ဆိုရင် ကိုယ်ချစ်တဲ့သူကိုတောင် လိမ်ပြောသင့်ရင် လိမ်ပြောရတတ်တယ်။ နေရာတကာတိုင်း အမှန်ချည်းပြောလို့မရဘူး'

'မိုက်'သည် အင်္ကျီအိတ်ထဲသို့ လက်နှိုက်ကာ ညစ်ပတ်နေသော ငွေဆယ်ဒင်္ဂါးကို စမ်းလိုက်မိသည်။ ထိုငွေသည် သူ့တစ်ပတ်စာ လုပ်ခငွေဖြစ်သည်။ သူနှင့် သူ့မိခင်အတွက် တစ်ပတ်စာ စားသောက်စရိတ်ဖြစ်သည်။ ယခု ထိုငွေထဲမှ ငွေငါးဒင်္ဂါးဖြင့် ရောင်စုံရိုက်နှိပ်ထားသော စာရွက်ကလေးတစ်ရွက်ကို ပေးဝယ်ရပေတော့မည်။

'ကျွန်တော့်ကို ထီလက်မှတ်တစ်စောင်ပေးပါ'

မွန်ဆီရာလီဂရို၏ နူးညံ့ဖြူဖွေးသောလက်သည် စားပွဲအံဆွဲတွင်း နှိုက်လိုက်ရာ ထီလက်မှတ် တစ်စောင်ပါလာသည်။ ထို့နောက် ထီလက်မှတ်ကို 'မိုက်'ထံသို့ လှမ်းပေးလိုက်သည်။ ထိုလက်မှတ်ကလေးပေါ်မှ နံပါတ်ဂဏန်းများသည် သူ စိတ်ကူးယဉ်အိပ်မက်မက်ကာ မျှော်လင့်ရမည့် နံပါတ်ဂဏန်းများပင်။ ထီလက်မှတ် နံပါတ်က ၀၁၂၆၃၉။ သူက ငွေငါးဒင်္ဂါးကို ထုတ်ပေးလိုက်ကာ ထီလက်မှတ်ကို အိတ်ထဲသို့ ထည့်လိုက်လေသည်။

mgyoe.com

mgyoe.com


'မိုက်'သည် မြစ်ကမ်းနံဘေးရှိ မြို့ငယ်ကလေး၏ အောက်ဆုံးလွှာ လူတန်းစားများ၏ အဆင်းရဲဆုံးရပ်ကွက်တွင် နေထိုင်သူဖြစ်သည်။ အိမ်များကို ရေနံထည့်သည့် သံဖြူပုံးကို အပြားခတ်ကာ ကာရံမိုးထား၍ တစ်ရပ်ကွက်လုံး ရေနံနံ့ဖြင့် နံစော်နေသည်။ အမျိုးသမီးကြီး သုံးယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ဆဲဆိုရန်ဖြစ်နေကြသည်။ လူကြီးနှစ်ယောက်က ရေနံဆီမီးအိမ် ခပ်မှိန်မှိန်အောက်တွင် ဖဲကစားနေကြသည်။ လူတစ်ယောက်က အစာစားရင်း စကားကို ဆူညံစွာပြောဆိုလျက်ရှိပြီး ခွေးတစ်ကောင်က သူ့ပန်းကန်ပြားထဲမှကျသွားသည့် အစာတစ်ခုကို ကိုက်ချီကာ အမှောင်ထဲ ပြေးထွက်သွားသည်။

'မိုက်'သည် သူ့အိမ်တံခါးကို ဖွင့်လိုက်သည်။ သူ့အမေက သူ့ကို ပြုံးပြနှုတ်ဆက်လိုက်သည်။ တစ်ချိန်က ချောမောလှပခဲ့သော သူ့အမေ၏ မျက်နှာမှာ ယခုအခါ ပိန်ချိုင့်၍ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

'မိုက် မင်း နောက်ကျလှချည်လား'

'ကျွန်တော် အလုပ်ရုံပြန်ပြီး အလုပ်နောက်တစ်ခါ ထပ်လုပ်နေလို့ပါ'

'ဘာဖြစ်လို့လဲ'

'ကျွန်တော့်ငွေဒင်္ဂါး လမ်းမှာ ကျပျောက်သွားလို့ပါ'

'တော်တော် နမော်နမဲ့နိုင်တာပဲ'

သူ့မိခင်က သူ့ကို ဆူပူနေသော်လည်း သူ့မိခင်သည် လိမ္မာသော သူ့သားကို ချစ်သည်။ သနားသည်။ သူ့သားသည် သူတို့သားအမိစားဖို့ အလုပ်ကို ပင်ပန်းကြီးစွာ လုပ်နေရရှာသူ ဖြစ်သည်။ သို့သော် သူ့သား၏ လုပ်ခမှာ ခပ်နည်းနည်း။

'ကဲ သားရေ ဘယ်တတ်နိုင်မှာလဲ၊ လာဒီမှာ ညစာစားလှည့်' ဟု မိခင်ဖြစ်သူက ညစာစားဖို့ လှမ်းခေါ်လိုက်သည်။

'မိုက်'သည် သေတ္တာအဟောင်းပေါ်တွင် ထိုင်ကာ သူ့အတွက် ချန်ထားသော ညစာ ခပ်ညံ့ညံ့ကို စားလိုက်သည်။ သူသည် ညစာ စားနေရင်း 'နောက်ဆိုရင် ငါ အမေ့ကို လိမ်မပြောတော့ဘူး။ ဒါ နောက်ဆုံးပဲ' ဟု တစ်ကိုယ်တည်း ဆိုနေမိသည်။

နောက်နေ့ နံနက်တွင် 'မိုက်'သည် သူ့အမြတ်တနိုး တန်ဖိုးထားသည့်

mgyoe.com

mgyoe.com


ပစ္စည်းများထည့်ထားသော အနက်ရောင် သံသေတ္တာကလေးကို ဖွင့်ကာ ထီလက်မှတ်ကိုထည့်ပြီး သိမ်းဆည်းထားလိုက်သည်။ ထိုသေတ္တာကလေး ထဲတွင် သူ့ဓာတ်ပုံတစ်ပုံ၊ သူ့သူငယ်ချင်း သဘော်သားဓာတ်ပုံတစ်ပုံနှင့် လက်စွပ်တစ်ကွင်းသာ ရှိသည်။ လက်စွပ်ကလေးမှာ သူလမ်းထဲမှာ ကောက် ရခဲ့သော လက်စွပ်ကလေးဖြစ်သည်။ လက်စွပ်ကလေးကို နေရောင်တွင် ထောင်ကြည့်သည့်အခါ ထိုကဲ့သို့ နီရဲနေသည်။ လက်စွပ်ကလေးမှာ သူ့ အတွက် လှပသော ပစ္စည်းကလေးဖြစ်ပြီး သူပိုင်ပစ္စည်းများတွင် တန်ဖိုး အကြီးဆုံး ပစ္စည်းကလေးဟုလည်း မှတ်ယူထားသည်။

နောက်တစ်နေ့တွင် 'မိုက်' သည် ရုပ်ရှင်ရုံသို့ အစောကြီးရောက်ရှိ နေနှင့်သည်။ အင်္ဂါနေ့တိုင်းသည် ထီဖွင့်ရက်ဖြစ်သည်။ ထီဖွင့်ပွဲကို ရုပ်ရှင်ရုံ ခန်းမတွင် ကျင်းပသည်။ မီးထိုးကြသူများသည် ထီလက်မှတ်ကိုကိုင်ကာ ရုပ်ရှင်ရုံသို့ လာရောက်၍ ရင်ခုန်စွာ ထီလက်မှတ်နံပါတ်ကို စောင့်ကြည့် ကြသည်။

'မိုက်'သည် ထီလက်မှတ်ကိုကိုင်ကာ လူအုပ်ကြီးနှင့်အတူ ရုပ်ရှင်ရုံ ထဲသို့ ဝင်သွားသည်။ စင်မြင့်တွင် ထီနံပါတ်ဂဏန်းများ ထည့်ထားသော စည်ကြီး ၆ ခုကို တင်ထားသည်။ အနီရောင်ကုတ်အင်္ကျီ ဝတ်ဆင်ထားသော ခပ်ဝဝလူကြီးတစ်ယောက်က စည်ကြီးများ၏ဘေးတွင် ရပ်နေသည်။ သူက အချက်ပြလိုက်သည်နှင့် အပြာရောင် ဝတ်ဆင်ထားသော လူငယ်ကလေး ခြောက်ယောက်က စည်ကြီးတစ်ခုစီ၏နောက်တွင် အသင့်နေရာယူကြသည်။

ယခုအချိန် ထောင်ပေါင်းများစွာသော လူများ၏ မျှော်လင့်ချက်များ သည် ထိုလူငယ်ကလေးခြောက်ယောက်၏ လက်ထဲတွင် ရှိနေသည်။ ခပ်ဝဝ လူကြီးက လက်ပြလိုက်သည်နှင့် ပထမဆုံးစည်နောက်က လူငယ်ကလေးက သူ့စည်ကို လှည့်လိုက်သည်။ စည်က သိပ်မြန်နေ၍ နံပါတ်ဂဏန်းကို သေချာစွာ မမြင်ရပေ။ ထို့နောက် စည်က တဖြည်းဖြည်းနှေးလာကာ နံပါတ်များကို စတင်မြင်ရသည်။ ၉၊ ၈၊ ၇၊ ၆ ထို့နောက် စည်က ပိုနှေး လာကာ ၅၊ ၄၊ ၃၊ ၂ ပေါ်လာပြန်သည်။ တစ်ဖန် နံပါတ် 'ဝ'ပေါ်လာ ပြီး ရပ်သွားသည်။ သုညဂဏန်းသည် 'မိုက်' ထဲမှ ထီလက်မှတ်၏ အစ ဂဏန်းဖြစ်နေသည်။

mgyoe.com

mgyoe.com

ဒုတိယ လူငယ်က သူ့စည်ကြီးကို လှည့်လိုက်ပြန်လေသည်။ ဂဏန်းတွေပေါ်လာပြီး နောက်ဆုံး၌ ဂဏန်းနံပါတ် ၁ တွင် စည်ကြီးရပ်သွားသည်။ ဂဏန်းနံပါတ် ၀၁ ရရှိသွားပြီဖြစ်သည်။

'မိုက်'၏နှလုံးခုန်သံ မြန်လာသည်။ နှုတ်မှ ခပ်တိုးတိုးလေး ဆုတောင်းနေမိသည်။ တတိယလူငယ်ကလေးက သူ့စည်ကို လှည့်လိုက်သည်။ စည်ရပ်သွားသောအခါ ၂ ဂဏန်း ပေါ်လာသည်။ ၀၁၂ ရရှိပြီ ဖြစ်သည်။ သူ ထိုးထားသည့် ထီနံပါတ်၏ ရှေ့ဂဏန်း သုံးလုံးတူသွားပြီ ဖြစ်သည်။ နောက်တစ်လုံးတူလျှင် သူ ထီပေါက်ပြီဖြစ်သည်။ ထီပေါက်လျှင် တောင်ခြေတွင် မြေဝယ်ကာ သူ့အမေကို အေးအေးချမ်းချမ်း ထားနိုင်တော့မည် ဖြစ်သည်။

'မိုက်'သည် နှုတ်မှ တရွရွဖြင့် ဆက်လက် ဆုတောင်းနေမိသည်။ သူ့ရင်သည် တဒိတ်ဒိတ်ဖြင့် ခုန်နေသည်။ သူသည် စတုတ္ထမြောက်စည်ကို လှည့်မည့်လူငယ်ကလေးဆီသို့ အာရုံစူးစိုက်ထားသည်။

စတုတ္ထမြောက် လူငယ်သည် တာဝန်ရှိလူကြီး အချက်ပြလိုက်သည်နှင့် သူ့စည်ကြီးကို လှည့်လိုက်ရာ စည်ကြီး အမြန်လည်ထွက်သွားသည်။ မိုက်၏မျက်လုံးသည် စည်ကြီးပေါ်သို့သာ ရောက်ရှိနေသည်။ စည်ကြီးရပ်သွားသည်နှင့် ဂဏန်းပေါ်လာသည်။ ဂဏန်းမှာ ၅။ 'မိုက်'သည် ဝမ်းသာလွန်း၍ ငိုကြွေးကာ ရပ်ရှင်ခန်းမထဲမှ အပြင်သို့ ပြေးထွက်လာခဲ့သည်။

ညနေ သတင်းစာတွင် ထီပေါက်စဉ် ပါမည်ဖြစ်ရာ မိုက်သည် သတင်းစာထွက်မည့်အချိန်ကို စောင့်နေသည်။ သူသည် ယခင်က သတင်းစာကို ဝယ်ယူဖတ်ရှုလေ့လည်း မရှိ၊ သတင်းစာထွက်ချိန်ကိုလည်း သတိထားသူ မဟုတ်။ ယခု သတင်းစာထွက်ချိန်ကို စောင့်ရသည်မှာ အချိန်အတော်ကြာလှသည်ဟု အောက်မေ့မိသည်။

မကြာမီ ညနေသတင်းစာထွက်လာသည်။ 'မိုက်' သည် သတင်းစာတစ်စောင်ကို အမြန်ပြေးဝယ်ကာ သူပေါက်သည့် ထီနံပါတ်ကို ရှာကြည့်လိုက်သည်။ သူ မျက်လုံးပြူးသွားသည်။ သူ ထီမပေါက်။ လုံးဝမပေါက်ပါ။ သူ့ထီလက်မှတ်သည် ဘာမျှ တန်ဖိုးမရှိတော့။ သူ့မျက်စိ မှားခဲ့ခြင်းဖြစ်သည်။ ထီပေါက်ချင်လွန်းအားကြီး၍ စိတ်လှုပ်ရှားကာ ထီနံပါတ်ကို

mgyoe.com

mgyoe.com


လွဲမှားစွာ မြင်မှတ်ခဲ့ခြင်းဖြစ်သည်။ သူ့မျှော်လင့်ချက်ကား ကုန်ဆုံးသွားပြီ။

နောက်ဆုံး သူသည် ကြံရာမရသည်နှင့် သူ့အမြတ်နိုးဆုံးပစ္စည်းဖြစ်သည့် လက်စွပ်ကလေးကို ရောင်းချရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။ 'ဒီလက်စွပ်ကလေး ရောင်းလိုက်ရင်တော့ ငွေငါးဒင်္ဂါး၊ ဒါမှမဟုတ် ငွေတစ်ဆယ်ဒင်္ဂါး၊ နှစ်ဆယ်ဒင်္ဂါး အများဆုံးဆိုရင် ငွေတစ်ရာဒင်္ဂါးလောက်တော့ ရမှာပဲ၊ ကံကောင်းရင် ဒင်္ဂါးတစ်ထောင်တောင် ရချင်ရမှာ၊ လက်စွပ်ကလေးက သိပ်လှတယ်။ အလင်းရောင်ထဲမှာဆို အရည်လဲ့နေသလားထင်ရတယ်။ ငါ့ကို တန်ဖိုးထက်နှိမ်ပြီး ဝယ်မှာစိုးရတယ်။ မွန်ဆီရာလီဂရီဆိုရင် ဒီလက်စွပ် ဘယ်လောက်တန်တယ်ဆိုတာ သိမှာပဲ'ဟု ဆုံးဖြတ်ကာ 'မိုက်'သည် လက်စွပ်ကလေးကို အိတ်ထဲထည့်ပြီး မွန်ဆီရာလီဂရီ၏ ငွေချေးဆိုင်သို့ သုတ်ခြေတင်လာခဲ့လေသည်။

'မိုက်' ရောက်ရှိချိန်တွင် မွန်ဆီရာလီဂရီသည် သူ့ဆိုင်တံခါးကို ပိတ်နေသည်။

မွန်ဆီရာလီဂရီသည် 'မိုက်'ကို နှုတ်ဆက်လိုက်သည်။

'မင်္ဂလာပါ လူကလေး။ မင်းသတင်းကောင်းတွေ ပါလာပြီ ထင်တယ်'

'ကျွန်တော် ထီ လုံးဝမပေါက်ပါဘူး၊ ငွေတစ်ပြားတစ်ချပ်တောင် မရပါဘူး ဦးကြီးရယ်။ ဒါပေမဲ့ ကျွန်တော့်အမေအိုကြီးကို ပြုစု စောင့်ရှောက်ဖို့အတွက် ငွေသိပ်လိုနေလို့ ကျွန်တော် အလုပ်ကို ပိုလုပ်ပါ့မယ်။ ဒါမှသာ တောင်ခြေက မြေကွက်အသေးကလေးတစ်ကွက်ကို ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ အဲဒီမှာ ကျောက်တုံးအိမ်ကလေး တစ်လုံးဆောက်ပြီး အမေ့ကို ထားနိုင်မှာဖြစ်ပြီး ကျွန်တော်က ကိုယ့်ယာထဲမှာကိုယ် အိုးမကွာအိမ်မကွာ အလုပ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်တော့်အမေလည်း ပြန်ပြီး ကျန်းမာလာမှာ အမှန်ပါပဲ။ ကျွန်တော့်မှာ လက်စွပ်တစ်ကွင်း ရှိပါတယ်။ ကျွန်တော် အဲဒီလက်စွပ်ကို ကောက်ရထားတာ ကြာပါပြီ။ သိပ်လှတဲ့ လက်စွပ်ကလေးပါ။ ဒါပေမဲ့ ကျွန်တော့် အဲဒီလက်စွပ်ကို ရောင်းတော့မယ်။ ဘယ်လောက် တန်တယ်ဆိုတာကို လာမေးတာပါ'

'မိုက်'က ပြောပြောဆိုဆို လက်စွပ်ကလေးကို အလင်းရောင်ထဲ

mgyoe.com

mgyoe.com


ထောင်ပြလိုက်သည်။ လက်စွပ်ကလေးမှာ အရောင်လက်နေသည်။

မွန်ဆီရာလီဂရိုသည် လက်စွပ်ကလေးကိုကြည့်ကာ တအံ့တဩဖြင့်

'ဟာ သိပ်လှတဲ့ လက်စွပ်ကလေးပါလား၊ လူကလေး 'မိုက်' မင်းဒီလက်စွပ်ကို ဘယ်မှာ ကောက်ရခဲ့တာလဲ'ဟု မေးလိုက်သည်။

'မိုက်'က ပြန်ဖြေသည်။

'သင်္ဘောဆိပ်သွားတဲ့ အဒူရာဇာတ်လမ်းပေါ်က ကောက်ရခဲ့တာပါ ဦးကြီး'

'လူကလေး၊ ဒီလက်စွပ်ဟာ ဦးဇနီးရဲ့ လက်စွပ်ပါ။ သူ့အမေက သူ့ကို ပေးထားခဲ့တာပါ။ အဲဒီအချိန်က လက်စွပ်ပျောက်သွားလို့ ရှာဖွေတွေ့ခဲ့ပြီး ပြန်ပေးတဲ့သူ မည်သူကိုမဆို ငွေဒင်္ဂါးငါးထောင် ပေးမယ်လို့ ကြေညာခဲ့တာပါ။ အခုတော့ လက်စွပ်ပြန်ရပြီလေ'ဟု မွန်ဆီရာလီဂရိုက ဝမ်းသာအားရပြောဆိုကာ သူ့မီးခံသေတ္တာကိုဖွင့်ကာ ငွေကို ထုတ်နေသည်။

မွန်ဆီရာလီဂရို၏ စကားကြားသော် 'မိုက်'သည် တဒင်္ဂမျှငြိမ်သက်သွားသည်။ သူ့တစ်ကိုယ်လုံး အံ့ဩဝမ်းသာမှုများဖြင့် ဖုံးအုပ်သွားသည်။ ယခု သူလိုအပ်နေသော ငွေကိုရရှိပြီ ဖြစ်သည်။ သူ့မိခင်သည် တောင်ခြေတွင် ကိုယ်ပိုင်အိမ်ကလေးဖြင့် အေးဆေးချမ်းမြေ့စွာ နေထိုင်နိုင်တော့မည် ဖြစ်သည်။ ထိုနေရာတွင် သူ့မိခင်သည် လေကောင်းလေသန့်ရှူကာ မကြာမီ ကျန်းမာလာတော့မည် ဖြစ်သည်။ 'မိုက်'သည် အလွန်ဝမ်းသာလျက်ရှိနေသည်။ သူသည် မွန်ဆီရာလီဂရို ရေတွက်နေသော ငွေကိုကြည့်နေသည်။ မွန်ဆီရာလီဂရို တစ်ရာတန်ငွေဒင်္ဂါးငါးဆယ်ကို ရေတွက်ပြီး ထုတ်လိုက်ကာ-

'ကဲ လူကလေး၊ ဒီမှာ ငွေငါးထောင်၊ လက်စွပ်ကို ငါ့ကိုပေးခဲ့ပေတော့။ ဒီငွေနဲ့ လူကလေးရဲ့အမေကို ကောင်းကောင်းပြုစုစောင့်ရှောက်လို့ ရပြီ မဟုတ်လား'

'မိုက်'သည် ငွေကို ယူလိုက်ကာ လက်စွပ်ကို ပေးလိုက်ပြီး-

'ကျေးဇူးပဲဦးကြီး။ သိပ်ကျေးဇူးတင်ပါတယ်။ ဒီငွေတွေရလာတာ မြင်ရတော့ ကျွန်တော့်အမေ သိပ်ဝမ်းသာမှာ အမှန်ပဲ၊ ဒီငွေနဲ့ဆိုရင် ကျွန်တော့်အမေအိုကြီးကို ကောင်းကောင်းကြီး ပြုစုနိုင်တော့မှာပါ။ သိပ်ကို ကျေးဇူးကြီးမားလှပါတယ် ဦးကြီး။ ကျွန်တော် အခုပဲ အမေ့ဆီပြေးပြီး ပြောလိုက်

mgyoe.com

mgyoe.com


ပါ့မယ်။ မနက်ဖြန်ဆိုရင် ကျွန်တော်တို့သားအမိ တောင်ခြေဆီ သွားပါတော့မယ်။ တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ် ဦးကြီး'ဟု ခပ်သွက်သွက် ပြောဆိုလိုက်သည်။

'အားလုံး ပြည့်စုံချမ်းမြေ့ပါစေ လို့ ဆုတောင်းပေးလိုက်ပါတယ် လူကလေး'

သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ ထို့နောက် 'မိုက်'သည် ငွေကိုပိုက်ကာ သူ့အိမ်သို့ ဝမ်းသာမှုအပြည့်ဖြင့် အသော့နှင်လာခဲ့လေသည်။

'မိုက်' ထွက်သွားသည့်အခါ မွန်ဆီရာလီဂရိုသည် သူ့ဆိုင်တံခါးကို ပိတ်လိုက်ပြီး အပြင်တွင် ခဏမျှရပ်နေကာ မိဘကို အလွန်ချစ်ပြီး မိခင်အိုကြီးကို ပြုစုစောင့်ရှောက်လိုစိတ် ပြင်းပြလွန်းသည့် လူလိမ္မာကလေးတစ်ဦးအား လိုအပ်သောအကူအညီ ပေးလိုက်ရ၍ ရရှိလိုက်သည့် 'ပီတိ'ကို တမြုံ့မြုံ့ ပြန်စဉ်းစားနေလေသည်။

ထိုစဉ် အိမ်များမှ စွန့်ပစ်လိုက်သောအမှိုက်များကို တင်ဆောင်လာသည့် အမှိုက်လှည်းတစ်စီးက သူ့နားမှာ ဖြတ်သွားရာ မွန်ဆီရာလီဂရိုသည် စောစောက 'မိုက်'ထံမှ ငွေငါးထောင်ပေးကာ ရရှိခဲ့သော လက်စွပ်ကလေးကို အိတ်ထဲမှ နှိုက်ကာ လှည်းပေါ်ရှိ အမှိုက်များထဲသို့ ပစ်ထည့်လိုက်လေသည်။ ထို့နောက် သူသည် လမ်းကိုဖြတ်ကူးကာ လမ်းတစ်ဖက်ရှိ ကာဖေးဆိုင်ဆီသို့ လာခဲ့လေသည်။ ထိုကာဖေးဆိုင်ကလေးသည် သူ ညစဉ် တစ်ကိုယ်တည်း ညစာကို စားနေကျဆိုင်ကလေး ဖြစ်သည်။

သူသည် ဤသို့ ရှည်လျားသော ညနေချမ်း အထီးကျန်ကာလများစွာကိုဖြတ်သန်းရင်း အိမ်ထောင်ပြုချင်စိတ် အခါခါပင် စိတ်ကူးထဲပေါ်မိလေသည်။

[ The MoneyLender and other Stories စာအုပ်မှ Raymond Wilson ၏ The Money-Lender ဝတ္ထုတိုကို ပြန်ဆိုပါသည်။ ]

နှင်းဆီကုန်းဘိုးဘွားရိပ်သာ

(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်စာစောင် (၁၉၃၃-၂၀၀၈)

❑

mgyoe.com

mgyoe.com

## မာရီကလေး၏ ဘဝပန်းချီ

လူတို့တွင် မေ့မရနိုင်သော အကြောင်းအရာကလေးများ ရှိတတ်ကြသည်။ မနှစ်ကကြုံခဲ့ရသည့် မာရီကလေး၏ အဖြစ်အပျက်မှာမူ တစ်သက်တာ မေ့မရနိုင်တော့ပေ။ မာရီကလေး၏ လက်ထပ်ပွဲသည် သူမ၏ဘဝသစ်ဟု ပင် ဆိုရမည်ဖြစ်သည်။ လက်ထပ်ပွဲနေ့က 'မာရီ'ကလေး၏ မည်းနက် သော ဆံကေသာပေါ်ဝယ် ပန်းတွေတဝေဝေ။

'မာရီ'သည် သူမ၏ အမည်ရင်းဖြစ်ဟန်မတူ။ သို့သော် ထိုအမည် သည် သူမနှင့်အလိုက်ဖက်ဆုံး ဖြစ်သည်။ သူမ၏ ဘဝမှာ လွန်ခဲ့သည့် ၁၄ နှစ်ကနှင့် တခြားစီဖြစ်သည်။ သူမနှင့် လွန်ခဲ့သည့် ၁၄ နှစ်ကျော်က စတင် တွေ့ခဲ့သည်မှာ ဟုတ်မှ ဟုတ်ပါလေစဟု ကျွန်မ တွေးနေမိပါသည်။ မှန်ပေသည်။ ထိုစဉ်က သူကလေးသည် ရှစ်နှစ်သမီးအရွယ် ဖြစ်သည်။ ကျွန်မထံသို့ ရောက်ရှိလာသော စာတစ်စောင်မှ အစပြု၍ သူ့အကြောင်းကို စတင်သိရှိခဲ့ခြင်းဖြစ်သည်။ သူကလေးမှာ မိဘက အလွန်ဆင်းရဲ၍ ဂေဟာမှ စောင့်ရှောက်ထားရသော ကလေးဖြစ်သည်။ ဂေဟာမှ မိဘစွန့်ပယ်ထားသော ကလေးများအား စေတနာရှင်များက မွေးစားရန် ခေါ်ယူသွားကြသော်လည်း မာရီကလေးမှာမူ ကံမကောင်းလှပေ။ ဂေဟာတွင် ကျန်ရစ်ခဲ့ရှာသည်။ သူကလေးနှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာများလည်း မရှိတော့။ သူ့မိဘ ဆွေမျိုး မည်သူမည်ဝါဖြစ်ကြောင်းကိုလည်း မမှတ်မိကြတော့။ ရုပ်သွင်ပြင် လက္ခဏာအရ အရှေ့တိုင်းသွေး ရောစပ်နေသည်ဟုသာ ပြောနိုင်၏။

mgyoe.com

မာရီကလေး၏စိတ်ဓာတ် ချို့တဲ့နေဟန်တူသည်။ မည်သူ့ကိုမျှ စကားမပြောပေ။

ကျွန်မတို့ 'ဝဲလ်ကမ်း ဂေဟာ'ကို လွန်ခဲ့သည့် နှစ်အနည်းငယ်က စတင်ပျိုးထောင်ခြင်း ဖြစ်သည်။ ဒုက္ခရောက်နေသော လူမမည်ကလေးများ အတွက် စေတနာရှင် မွေးစားမိဘများ ရှာဖွေပေးသည့်ဂေဟာတစ်ခု ဖြစ်ပါသည်။

တစ်နေ့ နံနက်ပိုင်းအချိန်တွင် မာရီကလေးအား ကျွန်မတို့ဂေဟာမှခေါ်ယူရန် အကူအညီတောင်းခံစာတစ်စောင် ကျွန်မတို့ထံ ရောက်ရှိလာပါသည်။ သမားရိုးကျ အကူအညီတောင်းခံစာ တစ်စောင်သာဖြစ်သည်။ သို့သော် ကလေးငယ်မှာ စိတ်ဓာတ်ချို့တဲ့ပြီး စကား လုံးဝမပြောဟု သိရသဖြင့် ကျွန်မတို့ဂေဟာမှ မာရီကလေးအား ခေါ်ထားရန် မဖြစ်နိုင်ကြောင်း ဝမ်းနည်းစွာ ပြန်ကြားလိုက်သည်။ ထို့ပြင် စာထဲ၌ ကျွန်မတို့ဂေဟာသည် မွေးစားမိဘများ ရှာဖွေပေးနေသောဌာနဖြစ်ပြီး မာရီလေး၏ရောဂါကို ကုသပေးရန် စက်ကိရိယာများ မရှိကြောင်းနှင့် အခြားသင့်လျော်သည့် ဌာနတစ်ခုခု တွေ့ရှိပါက အကြောင်းပြန်ပါမည့်အကြောင်း အကျိုးအကြောင်း ဖော်ပြ ရေးသားထားလေသည်။ ထို့နောက် လူတိုင်းမေ့နေသော 'မာရီ' ကလေးကိုလည်း ကျွန်မ မေ့အောင် ကြိုးစားလိုက်ပါတော့သည်။

တစ်ည ကျွန်မအိပ်ရာမှ လန့်နိုးခဲ့ပါသည်။ ဘာကြောင့် ဤသို့ နိုးလာသည်ကို ကျွန်မ ချက်ချင်း သိပါသည်။ အဖြေမပေးရသေးသော မေးခွန်းတစ်ခုကြောင့် ကျွန်မ လန့်နိုးခဲ့ခြင်း ဖြစ်ပါသည်။ မာရီကလေးအား သေချာစွာ မစုံစမ်းဘဲ စိတ်ဓာတ်ချို့တဲ့နေသည်ဟု ပြောနိုင်ပါမည်လော။ သူကလေးအား ကျွန်မ မတွေ့ရသေးပါ။ ဂေဟာရှိဝန်ထမ်းများသည် စိတ်စေတနာကောင်းသူများ ဖြစ်ကြသော်လည်း အလုပ်တာဝန် များပြားသူများ ဖြစ်ကြပါသည်။ သို့သော် 'မာရီ'ကလေးနှင့်ပတ်သက်ပြီး သေချာစွာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး အဖြေရှာကြည့်ရပါဦးမည်။ ထို့ကြောင့် ကျွန်မသည် အိပ်ရာမှထပြီး မာရီကလေးကို ကျွန်မ တွေ့ချင်သည့်အကြောင်းနှင့် ကျွန်မထံ ရက်အနည်းငယ်အတွင်း ပို့ပေးရန် စာရေးအကြောင်းကြားလိုက်ပါသည်။

.mgyoe.com


မကြာမီ သဘောကောင်းဟန်ရှိသော လူလတ်ပိုင်း အမျိုးသမီးတစ်ဦးသည် မာရီကလေးကို ကျွန်မထံသို့ ခေါ်ဆောင်လာပါသည်။ မာရီကလေးမှာ ပိန်ပိန်သေးသေးကလေး။ လက်ထဲတွင် လက်ကိုင်အိတ် အနီရောင်တစ်လုံးကို ကိုင်ဆောင်ထားသည်။ အိတ်ကလေးမှာ ဈေးပေါသော်လည်း အသစ်စက်စက် ဖြစ်သည်။

'အထဲဝင်လာကြပါ။ အထဲဝင်ခဲ့ပါ မာရီ'ဟု ကျွန်မ ခရီးဦးကြိုပြုလိုက်ပါသည်။

မာရီသည် အဖော်မိန်းမကြီး၏ အပေါ်ကုတ်အင်္ကျီနှင့် ဦးထုပ် ချွတ်ပေးခြင်းများကို ငြိမ်ခံနေသည်။ ကျွန်မကိုလည်း မော့မကြည့်။ ငြိမ်ငြိမ်သက်သက်ရပ်၍ အိတ်နီကလေးသာ ကိုင်ထားသည်။ အဖော်မိန်းမကြီးက ထိုင်ခုံတစ်လုံးဆွဲပေးမှ ထိုင်ခုံတွင် ထိုင်ချလိုက်သည်။

'ဒီပုံစံအတိုင်းပါပဲရှင်။ ဘယ်တော့မှ မလှုပ်ဘူး။ စကားလည်း မပြောဘူး'

အမျိုးသမီးကြီးက ရှင်းပြသည်။

'ဒီပြင် သူ့ကလေးအကြောင်း ဘာများ ပြောနိုင်ပါသေးသလဲ'

ကျွန်မက မေးလိုက်သည်။

'မရှိပါဘူး။ ဒီအတိုင်းပါပဲ။ တစ်ယောက်ယောက်က လုပ်မပေးရင် သူဘာမှ မလုပ်ဘူးလေ'

အမျိုးသမီးပြောဆိုသည့်အတိုင်း မာရီတစ်ယောက် ဘာမျှမလုပ်။ ငြိမ်ငြိမ်သက်သက် ထိုင်နေရှာသည်။ အပေါ်သို့လည်း မော့မကြည့်။ သူ ဘယ်နေရာရောက်နေသည် ဆိုသည်ကိုလည်း သတိပြုမိဟန် မတူပေ။

'ပြဿနာတစ်ခုခုဖြစ်ရင် ကျွန်မ သိပါရစေ'

အမျိုးသမီးက ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။

'ကျွန်မတို့အတွက် ဘာမှ ပြဿနာမပေါ်နိုင်ပါဘူး၊ ဖြစ်ပါတယ်'ဟု ကျွန်မက ပြန်ပြောလိုက်သည်။

မာရီကလေးနှင့် စတင်တွေ့ဆုံခဲ့ရသည့် အကြောင်းဖြစ်သည်။ ကျွန်မတို့ အားလုံးသည် စကားမပြောသော မာရီကလေးအား စကားပြောတတ်လေဟန် ဆက်ဆံပြောဆိုကြသည်။

mgyoe.com

တစ်နေ့ စပါးကျီအတွင်း ကောက်ရိုးပုံတွင် ကြောင် သားကလေးများ မွေးသောနေ့ ဖြစ်သည်။ ကျွန်မတို့အတွက် ကံကောင်းသောနေ့ဟု ဆိုရမည် ဖြစ်သည်။ မာရီသည် ကြောင်သားကလေးများနှင့် ဆော့ကစားရင်း ရယ်မော နေလေသည်။ မာရီကလေး ရယ်မောသည်ကို ပထမဆုံး စတင်တွေ့ရှိရသည့် နေ့ ဖြစ်ပါသည်။

ကျွန်မသည် မာရီကလေး သွားလိုရာနေရာသို့ လွှတ်ထားပေးခဲ့ပါ သည်။ သစ်ချနက်ပင်ကြီးအောက်တွင် ဒန်းစီး လေ့ကျင့်နေသည်ကိုလည်း ကျွန်မ မကန့်ကွက်ပါ။ မာရီကလေးကို သတိပြုမိသည်မှာ မာရီကလေး သည် သူသွားလေရာ နေရာတိုင်းသို့ သူ့အိတ်နီကလေးကို ယူဆောင်သွားလေ့ ရှိခြင်းပင် ဖြစ်၏။

တစ်နေ့ မာရီကလေးသည် အိတ်နီကလေးကို အပေါ်ထပ်တွင် ထားခဲ့ လေသည်။ ကျွန်မတို့အတွက် မျှော်လင့်ချက်ရောင်ခြည် သမ်းလာပြီဆိုသည် ကို ကျွန်မ သိလိုက်ရသည်။ မာရီကလေးအား မြက်ခင်းပြင်ပေါ်တွင် ပြေး လွှား ကစားနေသည်ကို မြင်တွေ့ရသည်။ သို့သော် မာရီကလေးသည် နွားများကိုမူ ကြောက်ရွံ့တတ်သည်။ ဇေဟာသို့ လူစိမ်းများ ရောက်လာပါက လည်း ပုန်းအောင်းနေတတ်သည်။

ဇေဟာရောက်ပြီး တစ်လအကြာတွင် မာရီတစ်ယောက် စကား စတင် ပြောလာပါသည်။ သူမ အလိုရှိသည့် စားစရာ၊ ကစားစရာ၊ အဝတ် အစားများ တောင်းယူလာတတ်သည်။ နှစ်လအကြာတွင် တီးတိုးစကားများ ပြောကြားလာသည်။ မာရီအား ကျောင်းထားရန် ကျွန်မတို့ ဆုံးဖြတ်လိုက် ကြပါသည်။

ကျွန်မတို့သည် သနားကြင်နာတတ်သည့် ဆရာမတစ်ဦးနှင့် ညှိနှိုင်း တိုင်ပင်ပြီး မာရီအား ဖေးဖေးမမ သင်ကြားရန် စီစဉ်လိုက်ကြပါသည်။ ပထမဆုံး ကစားခုန်စားကို စတင်သင်ကြားပေးပြီး နောက်မှ အရေး၊ အဖတ်ကို တဖြည်းဖြည်း သင်ယူစေခဲ့ပါသည်။

ခြောက်လအကြာတွင် ကျွန်မတို့၏ မာရီအတွက် စိုးရိမ်မှု၊ သံသယ ဖြစ်ပွားမှုများမှာ ကွယ်ပျောက်သွားပါတော့သည်။

မာရီကလေးအား ပိုမိုစိတ်ချစေရန် စိတ်ပါရဂူတစ်ဦးဖြင့် စမ်းသပ်

mgyoe.com

mgyoe.com


စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

'ကောင်းသွားပါပြီ။ အခု လူကောင်းပတိအတိုင်း ရောက်ရှိနေပါပြီ။ အရင်က စိတ်လှုပ်ရှားမှုဒဏ်ကြောင့် မေ့လျော့ခဲ့တာပါ။ ခုတော့ သူ့ကိုယ်သူ ရှာဖွေ တွေ့ရှိသွားပါပြီ'ဟု စိတ်ပါရဂူက ရှင်းပြပါသည်။

မာရီကလေး၏ စိတ်အခြေအနေသည် လူကောင်း ပကတိအတိုင်း ရောက်ရှိသွားပြီ ဖြစ်သည်။ ပထမအဆင့် အောင်မြင်သွားပြီဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် မာရီကလေးအတွက် မွေးစားမည့်သူကို ရှာဖွေပေးရဦးမည် ဖြစ်သည်။ ဂေဟာစည်းကမ်းအရ မာရီကလေးသည် သတ်မှတ်ထားသည့်အရွယ်ပင် ကျော်လွန်နေပြီ ဖြစ်သည်။ သို့သော် မာရီကလေးအား ဝေးလံသောနေရာသို့ မပို့ရက်ပါ။ အနီးဆုံးနေရာကို ရွေးရမည် ဖြစ်သည်။

'မြေးလေးအတွက် မွေးစားမယ့် ဖေဖေ၊ မေမေ ရှာပေးရမယ်လေ။ ဘွားဘွားတို့ကတော့ အသက်အရွယ်ကြီးပြီကွယ်'

ကျွန်မတို့၏ အကျိုးသင့်အကြောင်းသင့် ပြောစကားကို မာရီကလေးက လက်ခံသည်။

တစ်နေ့ စေတနာရှင်တစ်ဦး ပေါ်လာခဲ့သည်။ သူတို့တွင် သားသမီး နှစ်ဦး ထွန်းကားခဲ့သော်လည်း မာရီကလေးအား မွေးစားလိုကြောင်း လာရောက် တောင်းကြသည်။ ဂေဟာနှင့် မွေးစားမည့် စေတနာရှင်တို့ အစီအစဉ်များ ပြုလုပ်ကြရသည်။

ကျွန်မတို့ မာရီကလေးနှင့် ခွဲခွာရမည့်နေ့သို့ ရောက်ရှိလာခဲ့သည်။

ရစ်ဝဲနေသည့် မျက်ရည်စနှင့်သနားစရာ မာရီကလေးအား ကျွန်မ မသိမမြင်ဟန်ဆောင်ခဲ့ရပါသည်။

'မနက်ဖြန်ကျ ရေလာကူးနော်'

ကျွန်မသည် ရေကူးနေသော မာရီလေးအား နှုတ်ဆက်စကား ဆိုလိုက်သည်။ မာရီကလေးက ပြုံးပြသည်။ သူကလေး၏ အပြုံးတွင် မျက်ရည်များ တွဲလွဲခိုနေသည်ကို တွေ့ရသည်။

ပြုံးရွှင်ဖွယ်နေ့ရက်များသည် မာရီကလေးအား စောင့်မျှော်လျက် ရှိနေပါသည်။

mgyoe.com

နောက်ပိုင်းတွင် မာရီကလေးသည် ကျွန်မတို့ ဂေဟာသို့ အလာကျဲသွားပါသည်။ အကူအညီလိုအပ်မှုလည်း နည်းသွားသည်။ ဝမ်းသာစရာများပင် ဖြစ်၏။ မာရီကလေးသည် သူ့အား လိုလားသည့် မိသားစုအသိုင်းအဝိုင်းထဲတွင် ပျော်ရွှင်နေပြီဖြစ်၏။

မာရီ့မွေးစားမိဘများကမူ ဂေဟာသို့ မကြာခဏ လာလေ့ရှိသည်။ ကျွန်မတို့နှင့် ဆွေးနွေးတိုင်ပင်လေ့ရှိသည်။ အကြံဉာဏ်များ တောင်းခံလေ့ရှိသည်။ မာရီသည် သူတို့နှင့်အတူ ရံဖန်ရံခါ ပါလာလေ့ရှိသည်။ ထိုအခါ မာရီသည် စပါးကျီအတွင်းမှ သူ့မိတ်ဆွေသစ် ကြောင်သားကလေးများနှင့် ဆော့ကစားနေတတ်သည်။

မွေးစားမိဘများသည် မာရီအား အလွန်ဂရုစိုက်ကြသည်။ အပင်ပန်းခံကြသည်။ မာရီအား ကောလိပ်ကျောင်းသို့ပို့ရန် ကြံစည်ထားပုံရသည်။

မာရီသည် ကြီးလေလှလေဆိုသူမျိုး ဖြစ်သည်။ တွန့်လိမ်နေသော ဆံနွယ်ကလေးများသည် သူ့မျက်နှာပြင်ပေါ် ဝဲလျက်ရှိသည်။ မျက်လုံးကလေးများမှာလည်း ယခင်က နှင့်မတူ။ အရောင်တလက်လက် ဖြစ်လာသည်။ လှပသော ကိုယ်လုံးကိုယ်ပေါက် ရှိသည်။ ကိုယ်ဟန်ကြော့ရှင်းလှပသည်။ လှပမှုအပေါ်တွင် နှစ်လိုဖွယ်အမူအရာက ထပ်ဆင့်လိုက်သေးသည်။

သူကလေး အထက်တန်း ပညာသင်နေစဉ် အစွမ်းကုန် လှပနေသည့် မာရီနှင့် 'ဂျွန်နသန်' တွေ့ခဲ့ကြဟန်တူသည်။ အရပ်ရှည်ရှည်၊ ဉာဏ်ရည်ကောင်းဟန်တူသော 'ဂျွန်နသန်'သည် သိပ္ပံနှင့် သင်္ချာဘာသာရပ်တွင် စိတ်ပါဝင်စားသူ ဖြစ်သည်။

မွေးစားမိဘ အပါအဝင် ကျွန်မတို့အားလုံး သူတို့နှစ်ဦး၏ ရည်ငံနေသည့်သတင်းကိုကြားသော် အကြီးအကျယ် တုန်လှုပ်သွားကြပါသည်။

'သူတို့နှစ်ဦးစလုံး ငယ်ကြပါသေးတယ်။ အချစ်အတွက် မာရီလေး စိတ်ဒုက္ခရောက်မှာ မလိုလားဘူးလေ။ နောက်ပြီး မာရီကို ယောကျ်ားကလေးရှင်ကကော လက်ခံနိုင်ပါ့မလား။ မာရီကလေးအကြောင်းကို ကျွန်မ အသိဆုံးပါ'

ကျွန်မ၏ စိုးရိမ်မှုစကားကို မာရီကလေး၏ မွေးစားမိဘများက

mgyoe.com


လက်ခံကြပါသည်။ မာရီကလေး၏ မွေးစားမိဘများမှာ စဉ်းစားဆင်ခြင်တတ်သူများဖြစ်ကြသဖြင့် နောက်ပိုင်းတွင် သူတို့သမီး မာရီကလေးအား လူငယ်များနှင့် တစ်ခါတစ်ရံမှသာ တွေ့ခွင့်ပေးသည်။ မာရီသည်လည်း အချုပ်အလုပ်၊ အချက်အပြုတ်များနှင့် မအားလပ်အောင် ရှိနေလေသည်။

နွေရာသီ အလုပ်နားရက်များတွင် မာရီတို့မိသားစု အပျော်ခရီးထွက်ကြသည်။ ထိုအခါမျိုးတွင် မာရီသည် မိတ်ဆွေသစ်လူငယ်များနှင့် ဆုံစည်းသိကျွမ်းခွင့် ရရှိခဲ့သည်။ မာရီကား အထက်တန်းအောင်မြင်ပြီး၍ ကောလိပ်ကျောင်းသို့ ဆက်တက်လျက်ရှိနေသည်။

မာရီနှင့် ဂျွန်နသန်တို့၏ အချစ်သည် မိုးဆမ်းပန်းနှယ် လန်းဆန်းနေပြီဖြစ်သည်။ ကျွန်မတို့၏ စိုးရိမ်ပူပန်မှုများလည်း ကွယ်ပျောက်သွားခဲ့ပြီဖြစ်သည်။ လူကြီးများ၏ ဟန့်ထားမှု၊ ခွဲခွာမှုနောက်ဝယ် သူတို့နှစ်ဦး ပြန်လည်ဆုံစည်းသွားကြပြီ ဖြစ်သည်။ ဂျွန်နသန်သည် ကောလိပ်ကျောင်းပြီး၍ ဘွဲ့လွန်သင်တန်းသို့ပင် ဆက်တက်နေပြီဖြစ်သည်။ မာရီသည်လည်း အလုပ်လုပ်နေသည်မှာ နှစ်နှစ်ပင်ကျော်ခဲ့ပြီ။ သူတို့ဘဝခရီးကို သူတို့ အစီအစဉ်များ ပြုလုပ်နေကြသည်။

ခရစ္စမတ်မတိုင်မီ တစ်နေ့တွင် သူတို့နှစ်ဦး ကျွန်မထံသို့ ရောက်ရှိလာကြသည်။

'မာရီနဲ့ကျွန်တော် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ကြပြီ'

ဂျွန်နသန်က အားပါးတရ ပြောသည်။ ထိုနေ့က ကျွန်မတို့သုံးဦးသား ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသည်။ ဂျွန်နသန်က ခရစ္စမတ်လက်ဆောင်အဖြစ် မာရီအား လက်ထပ်ပွဲတွင်ဝတ်ရန် လက်စွပ်တစ်ကွင်းပေးသည်။ ကျွန်မလည်း ပြင်ပခရီးတစ်ခု ထွက်ခဲ့ပါသည်။ သို့သော် မာရီကလေး၏ လက်ထပ်ပွဲအမီ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ကျွန်မ မာရီကလေး၏ လက်ထပ်ပွဲကို လက်လွတ်ခံ၍ မဖြစ်ပေ။

မာရီကလေး၏ လက်ထပ်ပွဲကို ကျွန်မ ယခုထက်တိုင် သတိရနေပါသည်။ မာရီကလေး၏ လက်ထပ်ပွဲကို ဇွန်လ၏ ပူပြင်းသော နေ့လယ်ခင်းတစ်နေ့တွင် မာရီတို့ ဝတ်ပြုနေကျ ဘုရားရှိခိုးကျောင်း၌ ကျင်းပပါသည်။ ဧည့်ပရိသတ်များမှာ စုံစုံလင်လင်နှင့် ကြည်နူးစရာကောင်းပါသည်။ သတို့

mgyoe.com

mgyoe.com


သားလောင်း ပွန်နသန်သည် သတိုးသမီးလောင်း မာရီအား စောင့်မျှော်နေသည်။ သူ့နံဘေးတွင် သတိုးသားလောင်း၏အရန် မာရီ၏မောင်က ပြုံးပြီး ရပ်နေသည်။ ရှေးဦးစွာ ဝင်လာသူမှာ သတို့သမီး၏အရန် အမျိုးသမီးငယ်လေးယောက်ဖြစ်သည်။ ထိုအထဲတွင် မာရီ၏ညီမတစ်ယောက်လည်း ပါဝင်သည်။ မာရီတွင် မွေးစားမိဘဘက်မှပါသည့် မောင်လေးနှင့် ညီမလေး ရှိနေသည်။ ယခု သူ့လက်ထပ်ပွဲတွင် သူတို့နှစ်ဦးကို ပွဲထုတ်ထားသည်။

အမျိုးသမီးလေးဦးနောက်မှာ ဖွေးဖွေးဖြူသော သတို့သမီးဝတ်စုံ ရှည်ကြီးကို ဝတ်ဆင်ကာ ဝမ်းသာပျော်မြူးနေသော မာရီကလေး ဝင်ရောက်လာသည်။ မာရီကလေးကိုကြည့်၍ ကျွန်မ မျက်ရည်များပင် လည်လာပါသည်။ သောကမျက်ရည်များ မဟုတ်။ ဝမ်းသာကြည်နူးမှု မျက်ရည်များပင်ဖြစ်ပါ၏။

တစ်ခါက မျှော်လင့်ချက် ဆုံးရှုံးခဲ့ရသော မာရီကလေး၏မျက်နှာတွင် ချစ်ခင်မှု၊ ယုံကြည်မှု အရိပ်အယောင်များ သန်းနေသည်ကို ဝမ်းမြောက်စွာ တွေ့မြင်နေရသည်။

လက်ထပ်ပွဲ ပြီးဆုံးသောအခါ ပွန်နသန်၏မိခင်သည် ကျွန်မထံသို့ ရောက်ရှိလာပါသည်။

'ဝမ်းသာလိုက်တာရှင်။ မာရီအတွက် မပူပါနဲ့။ ကျွန်မတို့မိသားစု အသိုင်းအဝိုင်းထဲ ရောက်လာတဲ့သူကလေးအတွက် ဂုဏ်ယူလို့မဆုံးပါဘူး။ မာရီကို ကျွန်မတို့အားလုံး ချစ်ကြပါတယ်'

ပွန်နသန်၏မိခင်က ဝမ်းသာအားရ ပြောပြနေသည်။

မာရီကလေးအတွက် မိသားစုတစ်ခု ရရှိသွားပြီဖြစ်ပေသည်။

[ ၁၉၆၅– ခုနှစ်၊ ဒီဇင်ဘာလထုတ် Reader's Digest မဂ္ဂဇင်းမှ Pearl S Buck ၏ Come in, Marry ကို ပြန်ဆိုသည်။ ]

G.E.C မဂ္ဂဇင်း၊ ၁၉၉၄၊ နိုဝင်ဘာလ။

❒

mgyoe.com